# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၉)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၁-၁၁-၂ဝ၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂ဝ၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ၂ဝ၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသည့် ပင့်သံဃာတော်များနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈ဝ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆ဝ ဖြစ်ပါသည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ စနေနေ့။
မန္တလေး

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဆောင်ရွက်ပေးလျက်ရှိ

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး အတိုးနှုန်းသက်သာစွာဖြင့် နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ စီမံကိန်းစတင်သည်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ မြို့နယ် ၁၈၇ မြို့နယ်မှ တောင်သူ ၅၉၂၃ ဦးသို့ ချေးငွေကျပ် ၂၆၀၂၃၃ ဒသမ ၀၉ သန်း ထုတ်ချေးပေးထားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုရှိ မြို့နယ် ၃၃ မြို့နယ်မှ တောင်သူ ၁၀၇ ဦးသို့ ချေးငွေ ကျပ် **၁၂၇၈၅** ဒသမ ၀၂ သန်း ထုတ်ချေးခဲ့ပါကြောင်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းဦးဆောင်ကော်မတီ၏ (၃၄) ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် ပေးဆပ်ရန်သတ်မှတ်ကာလ အချိန်စေ့လွန်ပျက်ကွက်သည့် ချေးငွေကြွေးကျန်များ မဖြစ်ပေါ်စေရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊ စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရန်၊ ချေးငွေအစီအစဉ်တွင် လယ်ယာသုံးစက်ကိရိယာများ ရောင်းချသည့်ကုမ္ပဏီများအနေဖြင့်လည်း လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအကောင်အထည်ဖော်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာသုံးစက်ရောင်းချသည့် ကုမ္ပဏီများ၊ တောင်သူလယ်သမားများနှင့် ချေးငွေကြီးကြပ်မှုကော်မတီအဆင့်ဆင့်အနေဖြင့် စီမံကိန်းကို စဉ်ဆက်မပြတ် အောင်မြင်ရှင်သန်စေရေး ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက နှစ်ဆင့်ချေးငွေထုတ်ချေးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

နိုင်ငံတော်က ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူများကလည်း မျိုး၊ မြေ၊ ရေ၊ နည်းစနစ်မှန်ကန်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သည့် ချေးငွေလျှောက်ထားသူ တောင်သူများကို စိုက်ပျိုး/ရိတ်သိမ်းချိန်အမီ ချေးငွေများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စနစ်တကျ စိစစ်ထုတ်ချေးနိုင်စေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆောက်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်လုံးဆိုင်ရာ (၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၈ နာရီက (ဃ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမော်ကြီးဦးဆောင်၍ (ဃ)ရပ်ကွက်လုံးဆိုင်ရာ(၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပခဲ့သည်။

အဆိုပါ မဟာဘုံကထိန်ပွဲတွင် ပင့်သံဃာတော် ၁၅ ပါးဖြင့် ရေစက်ချတရားနာ၍ ပင့်သံဃာတော် တစ်ပါးလျှင် ငွေကျပ်တစ်သိန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းနောက် ဘုံကထိန်ပွဲတော်အတွက် အဖက်ဖက်မှ ပါဝင်လှူဒါန်းပေးကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး ယင်းဘုံကထိန်ပွဲတော်တွင် အလှူငွေ ငွေသား ကျပ်သိန်းသုံးရာ့တစ်ဆယ်ကျော်နှင့် လှူဖွယ်ပစ္စည်းများကို တံခွန်တိုင်ရပ်ကွက် ဓမ္မဂုဏ်ရည်ကျောင်း ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ လှူဒါန်းပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းမောင်**

၀-၀-၀-၀-၀

## အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီက ၂၀၂၅ ခုနှစ်၊ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးက စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးက ကဗျာပြိုင်ပွဲကိုလည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးက စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးက ကဗျာပြိုင်ပွဲကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ကျော်မင်းသော်**

၀-၀-၀-၀-၀

၀-၀-၀-၀

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုမှုမြင့်မားရေး၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေးကိုလည်းကောင်း ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးများအတွက် ပြိုင်ပွဲများ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၁)အခြေခံပညာကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံးရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေနှင့် တန်ဆောင်မုန်းလပြည့်နေ့ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံး ဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၃ မှ

နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက် လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် မာရဝိဇယကျောင်းတော် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ကထိန် အလှူခံကျောင်း မာရဝိဇယ ကျောင်းတော် ကျောင်းထိုင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် ပါဠိတက္ကသိုလ် မင်္ဂလာဓေယျ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### အနုမောဒနာတရား နာကြား

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပါဠိတက္ကသိုလ် မင်္ဂလာဓေယျ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး ထံမှ ကထိန်အနုမောဒနာ တရား နာကြားသည်။

ဆက်လက်၍ မာရဝိဇယ ကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းလောင်း အမျှပေးဝေကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပါဠိဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကိုရုပ်သိမ်းခဲ့ပြီး နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက် လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော် ကြီးသို့ လှူဒါန်းရန် ခင်းကျင်း ပြင်ဆင်ထားသည့် ပဒေသာပင် များအား လှည့်လည်ကြည့်ရှုကြ သည်။

### ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး

ထို့နောက် အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်း ဖြိုးကြသည်။

အခမ်းအနား အပြီးတွင် ပါဠိဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်း တော် ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်၊ တန်ဖိုး ငွေကျပ် ၂၅၁၆၇၆၀၀ နှင့် လှူဒါန်း ငွေကျပ် ၂၈၃၃၃၄၀၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုး ငွေကျပ် ၅၃၅၀၁၀၀၀ ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကထိန်ခံမာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည် ကြည့်ရှုစဉ်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ သွားရောက် တွေ့ဆုံသည်။

ဦးစွာ နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)က အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ် နယ်မြေတာဝန်ခံ ဗဟိုအမှုဆောင်အဖွဲ့ဝင် တစ်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း**
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၂၅ ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ ယင်းအမိန့်တွင်ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များအား အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း**
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၄ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သော အမိန့် (၃/ ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ /၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ /၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏။**

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Chief Commissioner ဖြစ်သူ Tan Sri Dato' Sri Hj. Azam Baki ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ တက်ရောက်သည်။



အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ ASEAN-PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၏ ပထမနေ့ဖြစ်သည့် အောက်တိုဘာ ၂၈ ရက်တွင် သဘာပတိအဖြစ် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (MACC) ၏ Chief Commissioner H.E. Tan Sri Dato' Sri Hj. Azam Baki ကဆောင်ရွက်ပြီး ယခင်နှစ်က ကျင်းပခဲ့သည့်အကြိမ် (၂၀) မြောက် အကြီးအမှူးများ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ယခင်နှစ်က အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ KPK မှ General Commissioner က ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ASEAN-PAC ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံ အသီးသီးအနေဖြင့် ၂၀၂၃-၂၀၂၅ ခုနှစ်အတွက် ASEAN-PAC လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်မှု အခြေအနေများအား တင်ပြဆွေးနွေးခြင်း၊ ၂၀၂၆-၂၀၂၈ ခုနှစ်အတွက် ASEAN-PAC လုပ်ငန်းအစီအစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ နိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

အဖွဲ့ဝင်နိုင်ငံများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဥ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆွေးနွေးရာတွင် အဂတိလိုက်စားမှု၏ အများပြည်သူအပေါ် ဆိုးကျိုးသက်ရောက်မှု အခြေအနေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership) ၏ အရေးပါမှုများ၊ မြန်မာနိုင်ငံတွင် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၏ အာဏာသက်ရောက်မှုများ၊ ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန် (၃) ရပ်နှင့် စပ်လျဥ်းသည့်ကိစ္စရပ်များ၊ ကော်မရှင်၏ ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှု ကြိုတင်တားဆီးကာကွယ်ရေး အစီအမံများ၊ ဥပဒေမူဘောင်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် အများပြည်သူပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုတို့ကို အလေးထားဆွေးနွေးပြောကြားခဲ့သည်။ ညနေပိုင်းတွင် မလေးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(Malaysian Anti-Corruption Commission - MACC)၏ Chief Commissioner မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ပါဝင်တက်ရောက်သည်။

အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် အောက်တိုဘာ ၂၉ ရက်တွင် ASEAN-PAC Portal နှင့်စပ်လျဥ်း၍ မလေးရှားနိုင်ငံ MACC က ဆွေးနွေးတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ၎င်းတို့၏ အာဆီယံဒေသအတွင်းရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ပြီး လာမည့်နှစ်အတွက် ASEAN-PAC ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ရေးနှင့်စပ်လျဥ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ASEAN-PAC အား ပိုမိုခိုင်မာအားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်လာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (MACC) ၏ Chief Commissioner H.E. Tan Sri Dato' Sri Hj. Azam Baki က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်တွင်အာဆီယံအလှည့်ကျဥက္ကဋ္ဌ မဟုတ်သော်လည်း အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံအားလုံးက မြန်မာနိုင်ငံအား အလှည့်ကျဥက္ကဋ္ဌအဖြစ်နှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့် စပ်လျဥ်း၍ တညီတညွတ်တည်းလက်ခံသဘောတူမှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ နေပြည်တော်၌ ပြန်လည်တွေ့ဆုံနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် သီးခြားအစီအစဉ်အဖြစ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲသို့ ကော်မရှင်က ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေး တတိယနေ့ဖြစ်သည့် အောက်တိုဘာ ၃၀ ရက်တွင် "ကဏ္ဍပေါင်းစုံပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာများအတွက် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ပို့ဆောင်သော လေ့လာရေးခရီးစဉ်သို့ သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌသည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အကြီးအမှူးများ၊ ကိုယ်စားလှယ်များနှင့် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံခဲ့ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်စပ်လျဥ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

စာတမ်းဖတ်ပွဲများတွင် ဆုများရရှိခဲ့မှု၊ ကမ္ဘာ့အဆင့်နည်းပညာဆိုင်ရာပြိုင်ပွဲများဖြစ်သည့် Composite World Cup ပြိုင်ပွဲကြီးများတွင် ဆုများဆွတ်ခူးနိုင်ခဲ့မှု၊ ကမ္ဘာ့အကြီးဆုံးထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးအတွက် ခေတ်မီနည်းပညာနှင့် သမားရိုးကျနည်းပညာတို့ ပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းဘုရားများ၊ စေတီတော်ကြီးများနှင့် အဆောက်အအုံများအား Composite နည်းပညာဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့အတွက် ASEAN Federation of Engineering Organization (AFEO) က ASEAN Outstanding Engineering Achievement Award (Individual Category)ကို ချီးမြှင့်ပေးရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်က အဆိုပြုလွှာတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ Da Nang မြို့၌ကျင်းပသည့် AFEO Midterm အစည်းအဝေးတွင် စိစစ်သုံးသပ်၍ Governing Board Meeting သို့ ဆက်လက်အတည်ပြုချက်တောင်းခံပြီး အဆိုပါဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်




# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၄/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ"ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဒုတိယဥက္ကဋ္ဌများ၊ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်ဖြင့် ဒီဇင်ဘာ ၂၈ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို မြို့နယ်ပေါင်း ၁၀၀ ဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း အပိုင်းလိုက် ကျင်းပပေးမည် ဖြစ်ကြောင်းနှင့် လွှတ်တော် အသီးသီးအတွက် မဲဆန္ဒနယ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းထားရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်ကာလ ရက်ပေါင်း ၆၀ သတ်မှတ်ကြေညာ ခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း လုံခြုံစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီး၌ ပထမအကြိမ် မဲစာရင်းများကို ကြေညာထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အများအပြား လာရောက်ကြည့်ရှု၍ မဲစာရင်းစစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်လျှောက်ထားခြင်း စသည့်မဲစာရင်းမှန်ကန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေး၊ မဲပေးစက်များလုံခြုံရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လုံခြုံရေး၊ ဆန္ဒမဲပေးသူများ လုံခြုံရေးများအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆက်လက်စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းလိုက် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် လုံခြုံရေးစီမံချက်နှင့် ဆက်စပ်ဆောင်ရွက်ရမည့် သီးခြားစီမံချက် ရှစ်မျိုးတို့ကို ရေးဆွဲထားပြီးဖြစ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် မဲစာရင်းဆိုင်ရာ ကိစ္စရပ်များအား စုံစမ်းမေးမြန်းနိုင်ရန် Call Center များဖွင့်လှစ်၍ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ မဲဆန္ဒရှင်ပြည်သူများ၏ ဆက်သွယ်မေးမြန်းမှု ၇၃၂ ကြိမ် ဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ပြီး မဲစာရင်း ပြည့်စုံမှန်ကန်စေရေးနှင့် မဲစာရင်း ကျန်ရှိမှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ၂၈၃၇၅ ကြိမ်၊ လှည့်လည်နှိုးဆော်ခြင်း ၄၅၂၄၈ ကြိမ်၊ OSS ဖြင့်ဆောင်ရွက်ပေးခြင်း ၂၈၂၅၉၂ ကြိမ်ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင်ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ အကြောင်း အမျိုးမျိုးကြောင့် ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများအား ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် လာရောက်လေ့လာကြမည့် ပြည်တွင်းပြည်ပ လေ့လာရေးအဖွဲ့များ၊ မီဒီယာများနှင့် ပတ်သက်၍လည်း လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သေချာစွာ စီမံဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရာအောက်တိုဘာ ၂၉ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု ၄၀ တွင် တရားခံအမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၅ ဦး စုစုပေါင်း ၈၈ ဦး ရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲလုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့် ကိုက်ညီသည့် လျာထားအစီအမံများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်



မန္တလေး အောက်တိုဘာ ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ဆောင်ရွက်ခြင်း၊ UID ကောက်ယူခြင်းကွင်းဆင်း ဆောင်ရွက်ခြင်းကို ချမ်းမြသာစည် မြို့နယ်၊ တမ္ပဝတီရပ်ကွက်ရုံးတွင် အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌတို့က လာရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ မကျန်ရှိစေရေးကို အလေးထားဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

အလားတူ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြည်ကြီးတံခွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရှိ ရုံးဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား အောက်တိုဘာ ၂၈ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) (ဝ၄၅)

## (၇၈)ကြိမ်မြောက် သွေးလှူဒါန်း



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအနောက်ရပ်ကွက်၊ အကွက်(၅၁၃)၊ အမှတ်(၄၉၁)၊ ၈၄ လမ်းနှင့် ၄၁ လမ်းထောင့်နေ ဦးမောင်မောင်လှိုင်(မျက်ကြည်လွှာ)အလှူရှင်သည် စက်တင်ဘာ ၁၀ ရက်က မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ စေတနာ့ဝန်ထမ်းအဖြစ် (၇၈) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (ကဆ)

သင့်သွေးဖြင့် အသက်ကယ်ပါ။

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မောဝ်ဆွန်းခါ၊ ကွန်းမိန်း၊ ကွန်းမန် တောင်းလုံး တောင်းလမ်း အွန်နီး ကျင်းဝှမ်း ခွန်ယောင် မောဝ်ဆွန်းခါဆီး ကောခါ ယွမ်းဆုခါအော။

မင်္ဂလာပါ။ ပြည်သူပြည်သားများအားလုံး နေကောင်းကျန်းမာပြီး စီးပွားရေးတိုးတက်ပါစေကြောင်း ကျွန်တော်ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေး ပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင် ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများအကြား ဖိနှိပ်ချုပ်ချယ်မှု ကင်းရှင်းပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားတို့ လွှမ်းခြုံလျက် အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် လူမျိုးအသီးသီး၏ ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းယဉ်ကျေးမှုတို့ကို အပြန်အလှန် လေးစားတန်ဖိုးထားကြမှသာလျှင် စည်းလုံးညီညွတ်၍ အဓွန့်ရှည်တည်တံ့နိုင်မြဲသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မည်ဟု အလေးအနက် ယုံကြည်ချက်ထားရှိသည်နှင့်အညီ ပါတီစတင်တည်ထောင်သည်မှ ယနေ့အချိန်ထိ ယုံကြည်ချက်ကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

မျိုးဆက်သစ်လူငယ်လူရွယ်များကို အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာကြစေရန်နှင့် နိုင်ငံတည်ဆောက်ရေးတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာနိုင်ရေးတို့ကိုလည်း အလေးထားပြီး ဆောင်ရွက်ပေးနေပါတယ်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း အမျိုးသမီးများ မြန်မာ့နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက်လည်း လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။

ယခုကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ကျွန်တော်တို့ ပါတီအနေနှင့် ရှေ့လုပ်ငန်းစဉ်(၄)ရပ် ချမှတ်ထားပြီး ပြည်သူလူထု ကောင်းကျိုးကို ရှေးရှုကာ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားမယ်လို့ လေးနက်တည်ကြည်စွာဖြင့် ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။

**လုပ်ငန်းစဉ်(၁) ငြိမ်းချမ်းရေး**

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ဆိုရင် အမုန်းတရားတွေကို ဖယ်ရှား၊ အတိတ်က ဖြစ်ပျက်ခဲ့သည်များကို သင်ခန်းစာယူ အနာဂတ် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်ရည်သန်ပြီး ပစ္စုပ္ပန်ကာလတွင် နိုင်ငံချစ်စိတ်အပြည့်ဖြင့် သဘောထားကြီးစွာ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို ဧကန်မုချ ရရမည်ဟု ကျွန်တော်တို့ပါတီအနေနဲ့ ယုံကြည်ထားပါတယ်။

ပင်လုံစာချုပ်နဲ့အတူ ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားပြဿနာ၊ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခကြောင့် အမုန်းတရားတွေနဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းသတ်ဖြတ်လာခဲ့ကြတာ နှစ်ပေါင်း(၇၀) ကျော်ခဲ့ပါပြီ။ ပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေလည်း ပျက်စီးခဲ့ရတာ များလှပါပြီ။

စစ်တိုက်ဖို့အတွက် လက်နက်ခဲယမ်းတွေဝယ်နိုင်ဖို့ ငွေရလွယ်တဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချခြင်းတွေလုပ်၊ မြေပေါ်မြေအောက် သယံဇာတတွေကိုလည်း မှောင်ခိုဈေးနဲ့ ရောင်း၊ အဲဒီလိုနဲ့ ကျွန်တော်တို့ ချစ်မြတ်နိုးခဲ့ရတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးဟာ နိုင်ငံတကာမှာ ဂုဏ်တင့်ရမယ့်အစား ဂုဏ်ငယ်ခဲ့ရပါပြီ။ မည်သည့်အဖွဲ့က နိုင်သည်ဖြစ်စေ ဒုက္ခရောက်ကြရသူတွေက ပြည်သူတွေပါ။ ပြည်သူတွေလည်း ဒုက္ခရောက်လှပါပြီ။ နိုင်ငံတော်နဲ့ ပြည်သူတွေကို အမှန်တကယ် ချစ်မြတ်နိုးတယ်ဆိုရင်ဖြင့် တိုက်ပွဲတွေရပ်ပြီး စားပွဲဝိုင်းပေါ်မှာ စကားပြောကြပါစို့လို့ နိုင်ငံတော်ကို လက်နက်ကိုင် တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအားလုံးကို မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒီနိုင်ငံမှာ မွေးဖွားခဲ့ကြတဲ့ ညီအစ်ကိုတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ မိဘပြည်သူတွေဟာ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်းကို အထူးလိုလားတောင့်တနေကြပါပြီ။ တိုက်ပွဲအတွက် ကုန်ကျမည့်စရိတ်များကို နိုင်ငံတော်အတွက် လိုအပ်သည့်နေရာများမှာ သုံးစွဲပြီး မိဘပြည်သူများကို ကျေးဇူးဆပ်ကြရအောင်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျွန်တော်တို့ သွေးချင်းညီအစ်ကိုတွေ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို စုပေါင်းညီညာစွာ တည်ဆောက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်ရာတွင်လည်း စစ်မက်ဖြစ်ပွားသော နိုင်ငံများသည် အသက်၊ အိုးအိမ်များ သေကျေပျက်စီးကြရပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို တွေ့ရှိရပါတယ်။ စစ်ပွဲဖြစ်ပွား၍ နိုင်ငံဖွံ့ဖြိုးတိုးတက်သွားသည်ကို မတွေ့ရှိရပါ။ သာဓကအနေနဲ့ ယခင်က ပြည်တွင်းစစ်ကြီးဖြစ်ခဲ့ကြတဲ့ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ ယခုအခါတွင် ငြိမ်းချမ်းရေးရရှိပြီးနောက် ပြည်သူများ ကောင်းမွန်စွာ နေထိုင်လုပ်ကိုင်နိုင်ကြပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်လာနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည်လည်း နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးကိုရှေးရှုပြီး နိုင်ငံရေးပြဿနာကို လက်နက်နဲ့ ဖြေရှင်းခြင်းထက် စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာရင်း ငြိမ်းချမ်းရေးကြီးရရှိသည်အထိ ဆောင်ရွက်သွားကြပါစို့လို့ ထပ်လောင်းတိုက်တွန်းပြောကြားလိုက်ပါတယ်။

**လုပ်ငန်းစဉ်(၂) ရှမ်းနီလူမျိုးအမည်မှန်ရရှိရေး**

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ

ရှမ်းနီတိုင်းရင်းသားများသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ မြို့ပြပြည်ရွာများ တည်ထောင်ပြီး နေထိုင်လာခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရပါတယ်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ဖြစ်တည်လာသည့် သမိုင်းကြောင်း တူညီကြပါလျက် လူမျိုးအမည်ကို အမျိုးမျိုးခေါ်တွင်ခဲ့ကြသဖြင့် တိမ်ကောပပျောက်လုနီးပါး ဖြစ်နေပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်လည်း ရှမ်းနီ၊ ရှမ်းဗမာ၊ ရှမ်းကလေး၊ မြေလတ်ရှမ်း ဟူ၍လည်းကောင်း၊ ရှမ်းဘာသာဖြင့် ဒေသအလိုက် တိုင်းနိုင်း၊ တိုင်းဒိုင်း၊ တိုင်းလျန်၊ တိုင်းလိုင်ဟု ခေါ်ဆိုကြပြီး မြန်မာဘာသာ ပြန်ဆိုသော် ရှမ်းနီဟု အဓိပ္ပာယ်ရပါတယ်။ ထို့ပြင် ချင်းတွင်းမြစ်နှင့် ဥရုမြစ်ဘေး ဝဲယာနေထိုင်သူများကို အနောက်မြစ်ရှမ်း၊ မီးရထား သံလမ်းဘေးဝဲယာ နေထိုင်သူများကို သံလမ်းရိုးရှမ်း၊ ဧရာဝတီမြစ်ဘေးဝဲယာ နေထိုင်သူများကို အရှေ့မြစ်ရှမ်းဟုလည်း ခေါ်ဆိုကြပါသေးတယ်။

လူမျိုးတစ်မျိုး၏ အမည်ကို အမျိုးမျိုးခေါ်ဆိုခဲ့သည့်အတွက် စာရင်းပြုစုရန် အခက်အခဲများ ဖြစ်ရပါတယ်။ သို့အတွက်ကြောင့် ရှမ်းနီအမျိုးသားရေး လှုပ်ရှားသူများ၊ ရဟန်းသံဃာများ စုပေါင်း၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉၊ ၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇၊ ၂၈ ရက်နေ့တွင် မိုးညှင်းမြို့တို့၌ အစည်းအဝေးပြုလုပ်ခဲ့ကြ၍ ၂၀၁၆ ခုနှစ် မတ်လ ၂၆၊ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ရှမ်းနီအမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ကြပြီး အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုနေကြတဲ့ မိမိတို့လူမျိုးအမည်ကို ရှမ်းနီဟု ခေါ်ဆိုကြရန် ညီလာခံတက်ရောက်လာကြသူအားလုံးက သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။

ရှမ်းနီအမျိုးသားညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံသို့ ၂ - ၉ - ၂၀၁၆ ရက်နေ့တွင် ကျွန်တော်တို့ပါတီအနေနဲ့ တင်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ အရေးအရာကိစ္စများကို ပြည်ထောင်စုလွှတ်တော်ကြီးကသာ ဆုံးဖြတ်အတည်ပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းနီလူမျိုး အမည်မှန်ရရှိရေးအတွက် ကျွန်တော်တို့ပါတီမှ ကိုယ်စားလှယ်လောင်းများ လွှတ်တော်အသီးသီးသို့ ရောက်ရှိနိုင်ရေး ရှမ်းနီလူမျိုးများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်။

**လုပ်ငန်းစဉ်(၃)တောင်သူလယ်သမားဘဝမြှင့်တင်ရေး**

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၆၇ ရာခိုင်နှုန်းကျော်သည် တောင်သူလယ်သမားများဖြစ်ကြတယ်လို့ သိရှိရပါတယ်။ ယင်းကိန်းဂဏန်းအရဆိုလျှင် တောင်သူလယ်သမားများ ချမ်းသာလာလျှင် နိုင်ငံတော်သည်လည်း တိုးတက်မြင့်မားလာနိုင်ပါတယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း တောင်သူလယ်သမားတစ်ဦးဖြစ်သည့်အတွက် ကိုယ်တိုင်ခံစားရပြီး ဘဝတူလယ်သမားများအကျိုးကို အစွမ်းကုန် ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ အလုပ်သမားခနှုန်းထားများ မြင့်တက်လာခြင်း၊ ထွက်ရှိလာသည့် ဆန်စပါးနှင့် ဝင်ငွေ၊ ထွက်ငွေမညီမျှမှုကြောင့် လယ်လုပ်ရင်းအရှုံးပေါ်လာနေကြသည်ကို တွေ့ရှိရပါတယ်။ တချို့ တောင်သူများမှာ လယ်ယာလုပ်ငန်းကို ဆက်လက် မလုပ်ကိုင်နိုင်တော့ဘဲ အခြားရရာအလုပ်များကို လုပ်ကိုင်နေကြရပါတယ်။

တိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်ရ၍လည်းကောင်း၊ ကုန်ဈေးနှုန်းမညီမျှမှုများကြောင့် လည်းကောင်း လယ်ယာလုပ်ငန်းကို မလုပ်ကိုင်နိုင်ခြင်း၊ စပါးစိုက်ပျိုးနိုင်သော လယ်ယာမြေများတွင်လည်း မြေဩဇာ အလုံအလောက်မသုံးစွဲနိုင်ခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသော ဆန်စပါးထွက်ရှိမှု နည်းလာခြင်းများသည် နိုင်ငံတော်အတွက် များစွာနစ်နာသည်ဟု ခံယူမိပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများ၏ ဘဝကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် နည်းပညာပံ့ပိုးနိုင်ရေး၊ ဈေးကွက်ကောင်းများရရှိရေး၊ လုံလောက်သော နှစ်တိုနှစ်ရှည် ချေးငွေထုတ်ချေးပေးနိုင်ရေး စသည်ဖြင့် တောင်သူလယ်သမားတို့၏ လိုအပ်ချက်များကို ပံ့ပိုးရန် နိုင်ငံတော်က စီမံဆောင်ရွက်ပြီး တောင်သူလယ်သမားများကလည်း အရည်အသွေးပြည့်မီသော ဆန်စပါးနှင့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်နိုင်ပါတယ်။ သို့အတွက်ကြောင့်တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးကို ကျွန်တော်တို့ ပါတီအနေနဲ့ အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမယ်လို့ ထပ်လောင်းပြောကြားလိုက်ပါတယ်။



**လုပ်ငန်းစဉ်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရေး**

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျာ

နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံရဲ့အသက်လို့တောင် ပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့်လက်နက်ကိုင် ပဋိပက္ခတွေ စတင်ဖြစ်ခဲ့ရတယ်လို့ သုံးသပ်တင်ပြချင်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း တစ်ပါတီစနစ်ကို အခြေခံထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံနဲ့ အံဝင်ခွင်ကျမဖြစ်ခဲ့ပါဘူး။ ယခုကျွန်တော်တို့ ကျင့်သုံးနေကြတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် ဒီမိုကရေစီစနစ်ကို အခြေခံပြီးရေးဆွဲထားတယ်လို့ ကျွန်တော့်အမြင်ကို တင်ပြပါရစေ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြတ်သန်းနေရတဲ့ ခေတ်ကာလနှင့်အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မှသာ ခေတ်မီ အားကောင်းခိုင်မာသည့် ဖွဲ့စည်းပုံဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပြီးခဲ့သော လွှတ်တော်သက်တမ်းနှစ်ဆက်မှာ ဖွဲ့စည်းပုံပြင်ဆင်နိုင်ခဲ့တာ နည်းခဲ့ပေမယ့် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အား ပြင်ဆင်/ဖြည့်စွက်ရန် အချက်(၄၃)ချက်ကို သဘောတူညီထားသည့် မူကြမ်းအဖြစ် ရရှိထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံကို ပြင်ဆင်/ဖြည့်စွက်ရင်း မလိုအပ်တော့သည့် ပုဒ်မများကို ပယ်ဖျက်ရန်လည်း လိုအပ်ပါတယ်။ ဒီသဘောတူညီချက်ကို ကြည့်ခြင်းအားဖြင့် တပ်မတော်က ဖွဲ့စည်းပုံပြင်ဆင်ရေးမှာလည်း ကြိုးစားဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တိုက်ပွဲတွေကြားမှာ ဒုက္ခရောက်ကြရသူတွေကတော့ ပြည်သူတွေပါ။ ပြည်သူ့ဒုက္ခဟာလည်း ကျွန်တော်တို့ရဲ့ ဒုက္ခပါပဲ။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တည်ဆောက်ကြဖို့ဆိုရင် ရွေးကောက်ပွဲတွေမှာ ပြည်သူတွေဆန္ဒမဲပေးကြရပါမယ်။ ရွေးကောက်ပွဲတွေကနေ နိုင်ငံရေးအပြောင်းအလဲကို ဆောင်ရွက်သွားမယ်ဆိုရင် ပျက်စီးဆုံးရှုံးမှုမရှိဘဲ ပြည်သူတွေရဲ့ဘဝ အေးချမ်းစွာ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ပြည်သူများအနေနဲ့ ကိုယ်ယုံကြည်အားကိုးရာ ပါတီတွေကို မဲထည့်ပေးကြပါလို့ ပြောကြားလိုပါတယ်။ ယခု ရွေးကောက်ပွဲဟာ စနစ်တစ်ခုကို အကောင်းဆုံး ကူးပြောင်းနိုင်မယ့် ရွေးကောက်ပွဲကြီး ဖြစ်ပါတယ်။ ရှမ်းနီလူမျိုးများအနေနဲ့လည်း ကိုယ့်လူမျိုးပါတီကို မဲထည့်ပေးကြဖို့ ပြောကြားလိုပါတယ်။ ကိုယ့်လူမျိုးပါတီအနိုင်ရပြီး လွှတ်တော်ထဲရောက်မှသာ အခြားတိုင်းရင်းသားများနည်းတူ အခွင့်အလမ်းများကို လွှတ်တော်ကနေ တင်ပြနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးကိုကြည့်ပြီး အထက်မှာတင်ပြခဲ့တဲ့ အချက်(၄)ချက်အပြင် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မဲဆန္ဒရှင်မိဘပြည်သူများဘေးဘယာဝေးကွာကြပါစေ။

**ရှမ်းနီ(ကျားနီ)ပါတီမဲထည့်မည်**

ကျားနီပါတီနိုင်ရမည်
ဟေ့..................ဟေ့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်
ဟေ့.........ဟေ့.........ကျားနီပါတီ လွှတ်တော်အောင်ရမည်
ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးက ရပ်တည်။ အနိမ်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟေ့......................ဟေ့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်
ဟေ့..................ဟေ့...ကျားနီပါတီ လွှတ်တော်အောင်ရမည်
ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးက ရပ်တည်။ အနိမ့်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟေ... ရွေးကောက်ပွဲကြီး ရောက်ရှိလာပြီလေ... ရှမ်းနီလူမျိုးသွေးစည်းကြ. ကျားနီနိုင်မှ အခွင့်အရေးလှ ... ကျားနီကိုမဲထည့်မည်..ဟေ့.........
ပြည်ထောင်စုသားတိုင်းရင်းသားတွေ.. တန်းတူအခွင့်အရေး ရရှိစေဖို့ရည် ရှမ်းနီလူမျိုးသွေးစည်းကြ..ကျားနီနိုင်မှ အခွင့်အရေးလှ ..
...
ကျားနီကိုမဲထည့်မည်...
ကျားနီပါတီ .... နိုင်ရမည်
ကျားနီပါတီ .... နိုင်ရမည်
ကျားနီပါတီ .... နိုင်ရမည်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် အောင်မြေသာစံမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သော နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ





**မန္တလေး အောက်တိုဘာ ၃၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့်လုံးဝပျက်စီးခဲ့သည့် နေအိမ်များနှင့် တိုက်ခံအိမ်များအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လူသေဆုံးသူများ၏ မိသားစုဝင်များအတွက် ထောက်ပံ့ငွေပေးအပ်လျက်ရှိသည်။

အောင်မြေသာစံမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊ နေအိမ်အဆောက်အအုံများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီဘုရားဝင်း၊ နိုင်လွန်မဏ္ဍာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခြင်း၊ လူ့အသက်များဆုံးရှုံးခြင်း၊ ဒဏ်ရာရရှိခြင်းများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ယခုအခါပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယနေ့အခမ်းအနားမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေအိမ်များ ပျက်စီးခဲ့ရသည့် ပြည်သူများနေအိမ်များ ပြန်လည်တည်ဆောက်ပြုပြင်နိုင်ရေးအတွက် နေအိမ်အမျိုးအစားအလိုက် ပျက်စီးမှုအလိုက်(လုံးဝ၊ တစ်စိတ်တစ်ပိုင်း)ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက် သတ်မှတ်ထားသည့် ထောက်ပံ့နှုန်းထားအတိုင်း ငွေသား၊ အိမ်ဆောက်ပစ္စည်းတို့ဖြင့် ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားပြီး အဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငလျင်ဒဏ်ခံအဆောက်အအုံများအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို အတိအကျလိုက်နာပြီး တည်ဆောက်သွားရန် လိုအပ်ပါကြောင်းနှင့် ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်




အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြည်သူများအားပေးအပ်ရာ အောင်မြေသာစံမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံလုံးဝပျက်စီးသည့်နေအိမ် ၅၇၀ လုံးအတွက် ငွေကျပ် ၁၈၆၂၄၀ သိန်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ် ၁၄၁၂ လုံးအတွက် ငွေကျပ် ၁၈၄၈၀၆ ဒသမ ၄၁၆ သိန်း၊ ဘိလပ်မြေအိတ် ၉၇၄၀ အိတ်၊ သံချောင်းလုံး ၉၉၆ ဒသမ ၂၂ တန်၊ အမိုးသွပ် ၃၅၀၀၀ ချပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ငလျင်သင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများအား အားပေးစကားများပြောကြား၍ ထောက်ပံ့ပေးသည့်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)






ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အနုပညာအတွေးနှင့် နိုင်ငံ့အရေး

ကိုရွှေသက်

ကျွန်တော် ညနေ ရုံးကအပြန် မီးပွိုင့်တစ်ခုမှာ ရိုးရာကထိန်ပွဲတော် လှည့်လည်လာတာကြည့်ရင်း ထိုပွဲမှာ တီး၊ မှုတ်၊ ကခုန်နေကြတဲ့ ဒိုးပတ်ဝိုင်းအဖွဲ့လေးကို တွေ့တော့ အနုပညာနဲ့ ပတ်သက်ပြီး အတွေးတစ်စ ဝင်လာမိတယ်။

အနုပညာဆိုတာ ကျွန်တော်တို့ မိခင်ဝမ်းကပေါက်ဖွားလာကတည်းက မိခင်ရဲ့ သားချော့တေးလေးတွေဖြစ်တဲ့ 'မိတ္ထီလာကန်ဝယ် … ဖားကောက်ခဲ့ပါကွယ် … အိပ်ပါတော့ကွယ် … ကြောင်ကြီး ကိုက်လိမ့်မယ် …' စတဲ့ မိခင်သံစဉ်နဲ့ ပုခက်လွှဲသံ 'တကျွီကျွီ' မြည်တဲ့ စည်းချက်တွေကြားမှာ အနုပညာကိုစီးမျောခံစားရင်း ကျွန်တော်တို့ မှေးမှိတ်အိပ်စက်ခဲ့ကြတယ် မဟုတ်ပါလား …။

ဒီလိုဆိုရင် အနုပညာဗီဇ အနုပညာခံစားချက်ဆိုတာဟာ ကျွန်တော်နဲ့အတူ လူသားအားလုံးအတွက် အမိဝမ်းကပေါက်ဖွားလာကတည်းက သဘာဝက ပေးအပ်လိုက်တဲ့ အနူးညံ့ဆုံး ရသလက်ဆောင်မွန်တစ်ခုပါပဲလို့ ကျွန်တော်ခံစားယူဆမိပါတယ်။

အနုပညာနဲ့ပတ်သက်ပြီး အခုတစ်လော ကျွန်တော်တို့ နိုင်ငံရဲ့ ရွေးကောက်ပွဲအကြိုကာလတွေမှာ အနုပညာရှင်တချို့ ပါဝင်ကြတဲ့ 'ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ' ဆိုတဲ့ ပညာပေးဇာတ်လမ်းတိုလေးအကြောင်း စဉ်းစားမိသွားပြန်တယ်။

အဲ့ဒီဇာတ်လမ်းတိုနဲ့ ပတ်သက်ပြီး ဇာတ်လမ်းမှာပါဝင်ကြတဲ့ အနုပညာရှင်တွေကို ဆိုရှယ်မီဒီယာကတစ်ဆင့် ဝေဖန်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူမှုရေးအရ အပြစ်ပေးခြင်းတွေကြားရတော့ ကျွန်တော့်အနေနဲ့ စိတ်မကောင်းစရာလေးတွေ ပြောပြချင်လာတယ်။

အဲ့ဒီဇာတ်လမ်းတိုနဲ့ပတ်သက်ပြီး အဓိကပြောပြချင်တာကတော့ ဇာတ်လမ်းထဲမှာ ပါဝင်ကြတဲ့ အနုပညာသရုပ်ဆောင်တွေဟာ …

(၁) လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပြည်တွင်းမငြိမ်မသက်မှုတွေကို တည်ငြိမ်စေရေး။

(၂) အနာဂတ်မျိုးဆက်သစ်လူငယ်တွေရဲ့ အတွေးအခေါ်အပြုအမူ လွဲမှားနေမှုတွေကို အမှန်အတိုင်းတွေးခေါ်စေရေး။

(၃) ရှေ့ဆက်သွားရမယ့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအနာဂတ်ခရီးဖြောင့်ဖြူးစေရေး အကျိုးပြုမယ့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ပြည်သူတွေ အင်တိုက်အားတိုက် ပါဝင်လာနိုင်ရေးဆိုတဲ့

ရည်ရွယ်ချက်အသီးသီးနဲ့ မည်သူတစ်ဦးတစ်ယောက်ရဲ့ ခြိမ်းခြောက် လမ်းညွှန်စေခိုင်းမှုတွေ မပါဝင်ဘဲ သူတို့ရင်ထဲက ဖြစ်ပေါ်လာတဲ့ဆန္ဒ၊ သူတို့မှာ ပင်ကိုရှိပြီးသား အနုပညာဗီဇ၊ အနာဂတ်မြန်မာပြည် ထာဝရငြိမ်းချမ်း၊ အေးချမ်း၊ တည်ငြိမ်စေချင်ကြတဲ့ စိတ်ရင်းစေတနာအပြည့်နဲ့ ဒီဇာတ်လမ်းတိုလေးမှာ ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ကြခြင်းဖြစ်တယ်လို့ ဆိုချင်မိတာပါ။

ကျွန်တော်သည် လူငယ်တစ်ဦးမဟုတ်သော်လည်း အသက်အရွယ် အတန်အသင့်ရှိပြီဖြစ်တဲ့ လူလတ်ပိုင်းအရွယ်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အဘိုး၊အဘွားတွေ ကြုံခဲ့ရတဲ့ ခေတ်ကိုတော့ ပြန်ပြောင်းမပြောချင်တော့ပါ။ ကျွန်တော့် အဖေ၊အမေတို့ ခေတ်က ကြုံခဲ့ရတဲ့ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ခေတ်မှာ ကျွန်တော်က လူငယ်တစ်ဦးပါ …။ အဲ့ဒီခေတ်၊ အဲ့ဒီအခါက ကျွန်တော်တို့ လူငယ်တွေ စုပေါင်းပြီး …

'တေဇလူငယ်'

'ရှေ့ဆောင်လူငယ်'

'လမ်းစဉ်လူငယ်' စတဲ့

ခေါင်းဆောင်မှုပညာတွေကို အသင်းအဖွဲ့တွေနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် ပါဝင်ရင်း တိုင်းကျိုးပြည်ပြု အဖြစ်အပျက်တွေကို -

ကဗျာသီကုံးခြင်း၊

စာပေရေးသားခြင်း၊

သီချင်းစပ်ဆိုခြင်း၊

ဂီတဖန်ဆင်းခြင်း စတဲ့

အနုပညာလုပ်ငန်းတွေမှာ မည်သူတစ်ဦးတစ်ယောက်ရဲ့ ခြိမ်းခြောက်စေခိုင်းမှု မပါဝင်ဘဲ နိုင်ငံတစ်ခုရဲ့ ရှေ့လမ်းစဉ်တွေကို အနုပညာနှင့် ဖန်တီးပြီး ပြည်သူရှေ့မှာ ဆိုပြ၊ တီးပြ၊ သရုပ်ဖော် ကပြခဲ့ကြတာပါပဲ။

ပြောချင်တာက အနုပညာဆိုတာ တိုင်းပြည်တစ်ခုရဲ့ 'ကြေးမုံပြင်တစ်ချပ်ပါပဲ'။ ထို့အတူ စာပေ၊ ဂီတ၊ ရုပ်ရှင် အစရှိတဲ့ တင်ဆက်ပြသမှုတွေဟာလည်း တိုင်းပြည်ရဲ့ 'မျက်စိ၊ နား' သဖွယ်ပါပဲ။

တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ လက်ရှိအခြေအနေတွေကို အနုပညာရှင်တွေက ကိုယ်ပိုင်ဗီဇ၊ ကိုယ်တိုင်ခံစားချက်နှင့် ရင်းပြီး သရုပ်ဖော်ပြကြတယ်။ ကဗျာတွေ၊ စာတွေနဲ့ သီဖွဲ့ပြကြတယ်။ ပြည်သူတွေကလည်း ဩော် … ငါတို့ မသိသေးတဲ့ 'တိုင်းပြည်ရဲ့ လတ်တလော အဖြစ်အပျက်တွေကို ငါတို့ချစ်ကြတဲ့ အနုပညာရှင်တွေက' ရုပ်ရှင်နဲ့ တင်ပြတော့ ငါတို့ကြည့်ရတယ်။ စာပေ၊ ဂီတနဲ့ တင်ပြကြတော့လည်း ငါတို့ ကြားရ၊ မြင်ရတယ်။ ငါတို့နိုင်ငံရဲ့ လတ်တလော အဖြစ်အပျက်၊ သတင်းအချက်အလက်တွေကို ကြေးမုံမှန်တစ်ချပ်လိုပဲ ငါတို့မြင်လာကြရပြီဆိုတဲ့ အသိတရား ကိုယ်စီ ရရှိသွားကြမှာ ဖြစ်ပါတယ်။

ဒေသတစ်ခုမှာ အခြေချနေထိုင်နေကြတဲ့ ပြည်သူတစ်ဦးဟာ အခြားဒေသတစ်ခုရဲ့ ကောင်းခြင်း၊ ဆိုးခြင်း၊ ဖွံ့ဖြိုးခြင်း၊ မဖွံ့ဖြိုးခြင်း ဆိုတဲ့ အချက်အလက်တွေကို ပြည့်စုံအောင် သိနိုင်၊ မြင်နိုင်ပြီ မဟုတ်ပါ။

ကျွန်တော်တို့ရဲ့ တိုင်းပြည် ဒေသအသီးသီးမှာ ဖြစ်ပေါ်နေတဲ့ တိုင်းပြည်ဖွံ့ဖြိုးမှု၊ တိုးတက်မှု၊ ကောင်းမှု၊ ဆိုးမှုတွေကို တစ်ထိုင်တည်း မြင်နိုင်၊ ကြားနိုင်အောင် စွမ်းဆောင်ပေးနိုင်တာက အနုပညာရှင်တွေပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြလိုတာကတော့ ယခုအချိန်အခါဟာ ကျွန်တော့်တို့ မြန်မာနိုင်ငံရဲ့ 'ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး' ကျင်းပတော့မယ့် အကြိုကာလ၊ နိုင်ငံတော်အကြီးအကဲများအနေဖြင့်လည်း ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အဘက်ဘက်မှ စနစ်တကျ စီမံဆောင်ရွက်နေကြရတဲ့ အချိန်ကာလ၊ အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့်လည်း သူတို့ရဲ့ နှလုံးသားထဲကလာတဲ့ အနုပညာ၊ အတတ်ပညာများနှင့် တိုင်းပြည်သစ်ကို တည်ဆောက်နေကြတဲ့ အချိန်အခါသမယမှာ…

'အနုပညာအတွေးကို နိုင်ငံ့အရေး'လို့ ခံယူရင်း …

ကျွန်တော်တို့ တိုင်းပြည်ကို ယုယစွာ တည်ဆောက်ကြပါစို့။

**တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ လက်ရှိ အခြေအနေတွေကို အနုပညာရှင်တွေက ကိုယ်ပိုင်ဗီဇ ၊ ကိုယ်တိုင်ခံစားချက်နှင့် ရင်းပြီး သရုပ်ဖော်ပြကြတယ် ။ ကဗျာတွေ၊ စာတွေနဲ့ သီဖွဲ့ပြကြတယ် ။ ပြည်သူတွေကလည်း ဩော်. . . ငါတို့ မသိသေးတဲ့ 'တိုင်းပြည်ရဲ့ လတ်တလော အဖြစ်အပျက်တွေကို ငါတို့ချစ်ကြတဲ့ အနုပညာရှင်တွေက' ရုပ်ရှင်နဲ့ တင်ပြတော့ ငါတို့ကြည့်ရတယ် ။ စာပေ ၊ ဂီတနဲ့ တင်ပြကြတော့လည်း ငါတို့ ကြားရ ၊ မြင်ရတယ် ။ ငါတို့နိုင်ငံရဲ့ လတ်တလော အဖြစ်အပျက် ၊ သတင်းအချက်အလက်တွေကို ကြေးမုံမှန်တစ်ချပ်လိုပဲ ငါတို့မြင်လာကြရပြီဆိုတဲ့ အသိတရား ကိုယ်စီရရှိသွားကြမှာ ဖြစ်ပါတယ် ။**



## စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများ၊ အခွန်အမှတ်တံဆိပ် ကပ်နိုပ်ရောင်းချရေး ကွင်းဆင်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းများနှင့် ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းများအား ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နိုပ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးခြင်းများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မော်မော်ခိုင်တို့ ဦးဆောင်၍ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ အောက်တိုဘာ ၂၉ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော ပြေစာပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နိုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပျက်ကွက်မှုများအပေါ် ဒဏ်တပ်ရိုက်နိုင်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းခဲ့ရာ လုပ်ငန်းရှင်များမှ သိရှိလိုသည်များကို မေးမြန်းခဲ့မှုအပေါ် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

၎င်းနောက် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၉၅)**

## ပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်

**တံတားဦး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ပြည်ပပို့ကုန်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက တံတားဦးမြို့စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပပို့ကုန် တိုးမြှင့်ထုတ်လုပ်ရေးနှင့် သွင်းကုန်အစားထိုးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကောင်းမွန်ရေးနှင့် ထွက်ရှိသည့် သီးနှံများတွင် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးမှာ အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က ပြည်တွင်းပို့ကုန်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အဓိကသီးနှံများ ပန်းတိုင်ရရှိရေး ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချနေမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(၄ဝ၉)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၃ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်း လိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park )နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၃ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၄၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တား ဖျက်ဆီးလိုသည့် အနုပညာရှင်နှစ်ဦးအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့် အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် **“ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ”** ရွေးကောက်ပွဲ အသိပညာပေးဇာတ်လမ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များအား ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်းအားပေးထောက်ခံသူများနှင့် တရားခံပြေးများက လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသားသည့် အပေါ် ထောက်ခံခဲ့ကြသည့် **ဒါရိုက်တာသက်လွင်(ခ) ဇမ္ဗူထွန်းသက်လွင်နှင့် ဒါရိုက်တာအောင်ချမ်းလူ(ခ) အေးချမ်းအောင် တို့**အား ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။



သက်လွင်(ခ)
ဇမ္ဗူထွန်းသက်လွင်၊ ၆၂ နှစ်



သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်မှ
Khit Thit Media Page ၌
Post တင်ထားမှုများအား
Love React ပေးခဲ့မှု မှတ်တမ်း။






အောင်ချမ်းလူ(ခ)
အေးချမ်းအောင်၊ ၄၀ နှစ်




အောင်ချမ်းလူ(ခ)အေးချမ်းအောင်၏
Facebook Account ၌
Post တင်ခဲ့မှု မှတ်တမ်း။




ဖမ်းဆီးရမိသူများအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် မကြာမီကျင်းပရန်ရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက်လည်း ၎င်းတို့တတ်ကျွမ်းသည့် အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်း မရှိခဲ့ကြောင်း၊ ၎င်းအပြင် ရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေသည့် အနုပညာရှင်များအား ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်း ထောက်ခံသူများနှင့် တရားခံပြေးများက လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဝေဖန်ရေးသားသည့်အပေါ် ထောက်ခံအားပေးခဲ့ကြကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ၎င်းတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ခေတ်သစ်မီဒီယာအပါအဝင် မီဒီယာအမည်ခံ အကြမ်းဖက်အားပေးပြည်ပသြဇာခံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြချက်များကိုလည်း အစဉ်တစိုက် ထောက်ခံအားပေးလျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားသူများအား ထောက်ခံအားပေးခဲ့ကြသည့် သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်နှင့် အောင်ချမ်းလူ(ခ) အေးချမ်းအောင်တို့ နှစ်ဦးအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေအပါအဝင် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားလိုသူများအား မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ရန်ကုန်လေဆိပ်တွင် လေယာဉ်ပြေးလမ်း ပြုပြင်နေသဖြင့် ညပိုင်း ပျံသန်းမှုများကို နှစ်လကြာ ပိတ်ထားမည်

**မန္တလေး အောက်တိုဘာ ၃၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေယာဉ်ပြေးလမ်း များ ပြုပြင်ဆောင်ရွက်နေမှုများ ကြောင့် ညပိုင်း လေယာဉ်ပျံသန်းမှုများကို နှစ်လကြာ ယာယီပိတ်ထားမည်ဖြစ်ကြောင်း Myanmar Airways International (MAI) မှ သိရသည်။




လေယာဉ်ပြေးလမ်းကြောင်း ပြုပြင်နေစဉ်ကာလတွင် ည ၁၂ နာရီမှ နံနက် ၆ နာရီအတွင်း ပိတ်ထားမည်ဖြစ်ကြောင်း၊(MAI) လေကြောင်းအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်အချို့ကို အချိန်ပြောင်းလဲထားကြောင်း သိရသည်။

"အချိန်ပြောင်းလဲထားတာကြောင့် လေယာဉ်လက်မှတ်ဝယ်ယူထားသူတွေအနေနဲ့ မိမိတို့ခရီးစဉ်နဲ့ပတ်သက်ပြီး သိရှိဖို့ အကူအညီလိုအပ်ရင် ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ပြုပြင်ရေးကာလအတွင်းမှာ ည ၁၂ နာရီကနေ နံနက် ၆ နာရီအထိ ပိတ်ထားမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသည်များအနေဖြင့် ဝယ်ယူထားသော ခရီးစဉ်များအတွက် အသစ်ထပ်မံပြောင်းလဲထားသည့် ခရီးစဉ်အချိန်များကို ပြန်လည်စစ်ဆေးကြရန်နှင့် Transit ခရီးစဉ်များအတွက် အခြားလိုအပ်သည့် အစီအစဉ်များ ကြိုတင်ပြုလုပ်ထားကြရန် (MAI) က ထုတ်ပြန်တိုက်တွန်းထားသည်။

လေယာဉ်လက်မှတ်ဝန်ဆောင်မှုကုမ္ပဏီများကလည်း ခရီးစဉ်လက်မှတ်ဝယ်ယူထားသူများအား အသိပေးထားပြီး ခရီးစဉ်များနှင့်ပတ်သက်၍ (MAI)မှ ထုတ်ပြန်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

## ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်အား ခဲဖြင့်ပေါက်သူဖမ်းဆီးရမိ



အမှတ်(၇)အဆန်(ရန်ကုန်-နေပြည်တော်)DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခံရသဖြင့် ပြတင်းပေါက်မှန် နှစ်လက်မခွဲခန့် ပေါက်ကွဲထိခိုက်မှုအခြေအနေ။



DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် တရားခံ ထက်ဦးလွင်(ဘ)ဦးသိန်းနိုင်။

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ့မီးရထား အနေဖြင့် ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန် - နေပြည်တော်လမ်းပိုင်း၌ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်ဖြင့် အမှတ် (၇)အဆန်၊ အမှတ် (၈)အစုန် အမြန်ရထားနှင့် အမှတ် (၃၁)အဆန်၊ အမှတ် (၃၂)အစုန် အမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅၉ မိနစ်တွင် အမှတ် (၇)အဆန်ရထားအား ဖြူးနှင့်ဇေယျဝတီ ဘူတာအကြားကားလမ်းကူးနေရာအရောက် ရထားသံလမ်း အနောက်ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ပထမတန်းတွဲအမှတ် ၂ DEMU F-1010 တွဲ၏ ခုံအမှတ် ၃၊ ၄၊ ၅၊ ၆ နေရာရှိ ပြတင်းပေါက်မှန် နှစ်လက်မခွဲခန့် ပေါက်သွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ဖြူးမြို့နယ် ရထားရဲတပ်ဖွဲ့၊ ဖြူးမြို့နယ်ရဲစခန်းနှင့် ဖြူးမြို့မ အရှေ့ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူသွားရောက်စစ်ဆေးရာရထားလမ်း၏အနောက်ဘက်ချုံပုတ်အနီး၌ တရားခံဖြစ်သူ ထက်ဦးလွင်(ခ) ငထော်နီ (ဘ)ဦးသိန်းနိုင် အသက်(၁၈)နှစ် သချိုင်းကုန်းကွက်သစ် ဗထူး(၆) လမ်း အုတ်ဖြတ်ရပ်ကွက် ဖြူးမြို့နယ်နေသူအား ဖမ်းဆီးရမိသဖြင့် ဖြူးမြို့နယ်ရဲစခန်းတွင် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူအားအနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်းသိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေး လျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရသည်။

မြန်မာ့မီးရထား

## အကျဉ်းသားများ အရေးပေါ်ဆေးကုသလိုလျှင် အနည်းဆုံး ငွေကျပ် ငါးသိန်းနှင့် အထက် ထောင်အာဏာပိုင်များထံ လာဘ်ထိုးရသည်ဟူသော ခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၃၁

ကလေးအကျဉ်းထောင်တွင် အကျဉ်းသားများ အရေးပေါ်ဆေးကုသလိုလျှင် အနည်းဆုံး ငွေကျပ် ငါးသိန်းနှင့်အထက် ထောင်အာဏာပိုင်များထံ လာဘ်ထိုးရသည်ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၂၄ ရက်က မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် ကလေးအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကိုမည်သည့်အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့်ငွေကြေးတစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်မှုမရှိစေရန် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ခံအရာရှိတို့က အမြဲကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအား အကျဉ်းထောင် ဆရာဝန်၊ ကျန်းမာရေးမှူး(၁)၊ သူနာပြု သုံးဦးတို့က နေ့စဉ် အိပ်ဆောင်/တိုက်ခန်းများအလိုက် Mobile Team စနစ်ဖြင့် လှည့်လည်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကယ်၍ ပြင်ပဆေးရုံသို့ တင်ပို့ကုသရန် လိုအပ်ပါက အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများက တာဝန်ခံအရာရှိထံတင်ပြပြီး ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးအကျဉ်းထောင်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ နေ့ချင်းပြန် သွားရောက်ပြသရသည့် အကျဉ်းသား ၁၀၆ ဦး၊ အကျဉ်းသူ ၉၇ ဦး စုစုပေါင်း ၂၀၃ ဦးနှင့် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ကုသရသည့်အကျဉ်းသား ၄၂ ဦး၊ အကျဉ်းသူ ရှစ်ဦး၊ အချုပ်သား ငါးဦး ပေါင်း ၅၅ ဦးရှိကြောင်း သိရသည်။

ထို့ပြင် Khit Thit Media က ရေးသားဖော်ပြထားသကဲ့သို့ ကလေးအကျဉ်းထောင်၌ အာရုံကြောဆိုင်ရာရောဂါများကြောင့် ခြေထောက်များ လှုပ်မရသည့်အတွက် မသန်စွမ်းဖြစ်သွားသော အကျဉ်းသား/အချုပ်သား တစ်ဦးတစ်ယောက်မျှမရှိဘဲ အကျဉ်းထောင်ရှိ မသန်စွမ်းအကျဉ်းသား လေးဦး(ယာဘက် ဒူးဆစ်အောက်မှဖြတ်ထားသူ နှစ်ဦး၊ ယာဘက်လက်တစ်တောင်ဆစ်မှ ဖြတ်ထားသူ တစ်ဦး၊ ယာဘက် မျက်လုံးမမြင်သူ တစ်ဦး)တို့သည်လည်း ၎င်းတို့ပြင်ပ၌ နေထိုင်စဉ်ကတည်းက ရရှိခဲ့သော ဒဏ်ရာများသာဖြစ်ကြောင်း။

နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ကလေးအကျဉ်းထောင်မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များသည် တာဝန်ခံအရာရှိ၏ ခွင့်ပြုချက်ရရှိမှသာ ဌာနပြင်ပသွားလာခွင့်ရှိပါကြောင်း၊ မည်သည့် KTV ဆိုင်မှ ဖွင့်လှစ်ခြင်းမရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ သတင်းရေးသား ဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းရေးသားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၃၁

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ မ-----၊ ၂၈/၂၀၂၅ နှစ်သည် လူမှုကွန်ရက် Tiktok Dora(@dod 45703 cby) အကောင့်မှ တရုတ်ချစ်သူလုပ်၍ရကြောင်း၊ မြန်မာနိုင်ငံတွင် ငွေချေပေးမည်၊ အဆင်ပြေပါက ယွမ် ၂၀၀၀၀ ပေးမည်၊ တရုတ်နိုင်ငံတွင်နေထိုင်ရမည် ဖြစ်ကြောင်း ကြော်ငြာထားသည်ကို တွေ့ရှိရသဖြင့် ဆက်သွယ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နေ အကောင့်ပိုင်ရှင် မေသက်ပိုင်မှ အပြင်မှာတွေ့ဆုံလို၍ မန္တလေးမြို့ ၇၄ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ လက်ဖက်ရည်ဆိုင်သို့ လာရောက်ရန်ချိန်းဆိုသဖြင့် သွားရောက်ခဲ့ရာ မေသက်ပိုင် စေလွှတ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မျိုးမျိုးသော်ထွန်း ရောက်ရှိလာပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးမည့် တရုတ်နိုင်ငံ ရွှေလီမြို့နေ နန်းဆိုင်လင်းဝမ် (ခ)မနန်းဆိုသူထံ ဓာတ်ပုံနှင့် ဗီဒီယိုပို့ပေးရန်လိုအပ်သည်ဟုပြောဆို၍ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ယူခဲ့သည်။

ယင်းနောက် လမ်းစရိတ်ငွေကျပ် ၂၀၀၀၀ ပေးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈)မြို့မရဲစခန်း(ပ) ၃၈/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ ဖမ်းမိတရားခံ မျိုးမျိုးသော်ထွန်းကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မေသက်ပိုင်နှင့် နန်းဆိုင်လင်းဝမ်(ခ)မနန်းတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြသ

**ကန့်ဘလူ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ နတ်ပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသက်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးဝင်းသန်းက ကုန်အညွှန်းအမှတ်အသားများကို သေချာစိစစ်ရွေးချယ်ဝယ်ယူရန်နှင့် စားသုံးသူ၏အခွင့်အရေး ရှစ်ချက်တို့ကို ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ခင်းကျင်းပြသထားသည့် သုတရသစာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြော

**ဆင်ပေါင်ဝဲ အောက်တိုဘာ၃၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် လယ်ကျိုးကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံတွင် ဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက ကျေးရွာသူ၊ ကျေးရွာသားများအား ရေဘေး၊ လေဘေးနှင့် ပတ်သက်သည့် အချက်အလက်များ၊ ငလျင်လှုပ်နေချိန် နေထိုင်နည်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့မှုအခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကျေးရွာသား၊ ကျေးရွာသူများအား မိုးခေါင်ရေရှားဘေးနှင့် မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

*-*-*-*-*

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**မန္တလေး အောက်တိုဘာ ၃၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေး တပ်နယ်မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်း ဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ မဟာ ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မန္တလေး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ မဟာ ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညို ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက သံဃာ တော်များအား ကထိန်လျာ မြတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးမြို့ မဟာသုန္ဒရာရာမကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအာဝုဓထံမှ ကထိန် အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။


ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြပြီး ကြွရောက်လာ သော ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် တည်ခင်းလှူဒါန်း ခဲ့သည်။



အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်၊ မန္တလေးတပ်နယ်မိသားစု များ၏ (၃၁)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်အလှူတော်မင်္ဂလာ အဖြစ် လှူဒါန်းထားသည့် ပဒေသာ ပင်များအား အောက်တိုဘာ ၃၀ ရက်တွင် မန္တလေးနန်းမြို့၊ ကျုံး ပတ်လည်သို့ မော်တော်ယာဉ် များဖြင့် လှည့်လည်ခဲ့သည်။

အဆိုပါ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မန္တလေးတပ်နယ် မိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မ အလှူငွေ စုစုပေါင်း ငွေကျပ် ၁၂၅၇၅၃၆၀၀ (ငွေကျပ်သိန်းပေါင်း တစ်ထောင့် နှစ်ရာငါးဆယ့်ခုနစ်သိန်းငါး သောင်းသုံးထောင့်ခြောက်ရာ တိတိ)တန်ဖိုးရှိသော ပဒေသာပင် ၅၅ပင်ကို ဆက်ကပ် လှူဒါန်းခဲ့ ပြီး သက်ဆိုင်ရာဘုန်းတော်ကြီး ကျောင်းအသီးသီးသို့ ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)



# မန္တလေးမြို့၊ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူ လျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ ပြည်သူများအား ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများ က သွားရောက်ကြည့်ရှု၍ တစ်ဦး ချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေ များကို ရင်းရင်းနှီးနှီး လိုက်လံ မေးမြန်း အားပေးစကားပြော ကြားပြီး ဆေးရုံတက်လူနာများ အား အာဟာရဖြည့်စားသောက် ဖွယ်ရာများ ထောက်ပံ့ပေးအပ် သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လို အပ်သည်များ ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)

# ကင်းကျေးရွာ၌ စိုက်ပျိုးထားသော စံပြချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကင်းကျေးရွာ ကွင်းအမှတ်(၂)၊ ဦးပိုင်အမှတ်(၁၆၂) တောင်သူဦးသာအောင်၏ စံပြချည်မျှင်ရှည်ဝါ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း လျက်ရှိသည်။

ကင်းကျေးရွာသည် သင်းဒီး စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်း စခန်းတွင်ပါဝင်ပြီး ယာမြေအများစု ပိုင်ဆိုင်သည့်အတွက် ယာသီးနှံ များ အဓိကထားစိုက်ပျိုးကြပြီး ငရုတ် ၁၃ ဧက၊ နှံစားပြောင်း ဧက ၈၀၊ မြေပဲ ငါးဧက၊ နှမ်း ၁၅ ဧက၊ နေကြာ ၂၆ ဧက၊ ပဲတီစိမ်း ၁၇၁ ဧက၊ ပဲစင်းငုံ ဧက ၆၀၊ အခြား ပဲ ၁၀၅ ဧက၊ ဟင်းသီးဟင်းရွက် ၁၀ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၃၄၅ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၁၀၅ ဧက စိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါသီးနှံများကို မိုးကြို၊ မိုးနှောင်းရာသီများတွင် စိုက်ပျိုး ကြပြီး မိုးကြိုဝါကို ဖေဖော်ဝါရီ လလယ်မှ မတ်လလယ်အတွင်း၊ မိုးဝါသီးနှံများကို မေလလယ်မှ ဇွန်လကုန်အတွင်း၊ မိုးနှောင်းဝါ သီးနှံများကို ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အတွင်း စိုက်ပျိုး ကြကြောင်း၊ စိုက်ပျိုးရာ၌ ထွန်ရေး ညက်အောင်ပြုလုပ်ပြီး သဘာဝ နွားချေးမြေသြဇာ နွားလှည်း ၁၀ စီးနှင့် မြေပြုပြင်သည်။ သိပ္ပံ နည်းကျစိုက်ပျိုးနည်းဖြစ်သည့် တစ်ဧက သတ်မှတ်အပင်ဦးရေ ပြည့်မီအောင် တစ်ကျင်းနှင့်တစ် ကျင်း သုံးပေအကွာ စိုက်ပျိုးကြ ကြောင်း၊ အပင်သက်တမ်း ၁၈ ရက်မှ ၂၁ ရက်တွင် စိုက်ကျင်း တစ်ကျင်းလျှင် ဝါပင်နှစ်ပင်ချန်၍ သားခွဲပေးကြောင်း၊ ပန်းပွင့်ချိန်၌ ကွန်ပေါင်းအိတ်တစ်ဝက်နှင့် ယူရီးယားအိတ်တစ်ဝက် ရောစပ်ကာ ကြဲပက်၍ ရေသွင်းပြီး ကြားထွန်တိုက်ကာ မြေဆွပေးရကြောင်း၊ အပင် ရက် ၅၀ သားတွင် စုပ်ပိုး ကာကွယ်ဆေး နှစ်ကြိမ်၊ ရက် ၆၀ သား နောက်ပိုင်းတွင် ဝါဌမ်း ပိုးနီနှင့် ရွက်လိပ်ရွက်စားပိုး နှစ်ကြိမ် ဖျန်းပေးရကြောင်း၊ လိုအပ်ပါက အခြားပိုးများအတွက် ပိုးသတ်ဆေးများဖျန်း၍ စိုက်ပျိုးကြကြောင်း သိရသည်။

(၄၈၅)

# တောင်သူများအား ယူရီးယားဓာတ်မြေသြဇာနှင့် မျိုးစေ့များ ပေးအပ်

**ကလေးဝ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ(ဌာနအစီအစဉ်)ဖြင့် နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းအတွက် တောင်သူ များအား ယူရီးယားဓာတ်မြေ သြဇာနှင့် မျိုးစေ့များပေးအပ်ပွဲ ကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနား၌ မြို့ နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ဇော် ဇော်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးနိုင်က ယူရီးယား ဓာတ်မြေသြဇာနှင့် မျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား ယူရီးယား ဓာတ်မြေသြဇာနှင့် မျိုးစေ့များကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ဒေသခံတောင်သူများ စုစု ပေါင်း ၅၀ ဦးခန့် တက်ရောက် ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀

**စာအုပ်စာပေ လှူမိတ်ဆွေ။**

# ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧကနှစ်သိန်းကျော် လျာထားစိုက်ပျိုးမည်

**ကန့်ဘလူ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ရာသီ၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊နေကြာနှင့်ပန်းနှမ်းစသည့် သီးနှံမျိုးစုံ ၂၀၁၁၄၉ ဧကလျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံမျိုးစုံအတွက်ကောင်း မျိုးကောင်းမျိုးသန့်များသုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ဒေသထွက် မြေသြဇာအချိုးကျသုံးစွဲနိုင်ရေး အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။ ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်းရရှိရေး၊နောက်ဆုံးပေါ်နည်းပညာများ သုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။



ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားချက်အရ မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန့် ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၄၄ ဧကနှင့် ပန်းနှမ်း ၅၅၅၈ ဧက စုစုပေါင်း ၂၀၁၁၄၉ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

*– *– *– *– *




# လျှောင်ဘောသင့်(၁၃)မြို့နယ်မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များကို သင်တန်းပို့ချ

**မန္တလေး အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး လျှောင်ဘောသင့်(၁၃)မြို့နယ်မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ဖွင့်လှစ်ပို့ချသည့် Psychological First aid Training သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက အောင်မြေသာစံမြို့နယ်ရှိ ဝင်းယူနတီဟိုတယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ခွဲမှူးများ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၈ရက်အထိ နည်းပြများက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

*– *– *– *– *

# အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၉)ဖွင့်လှစ်

**မိုင်းဆတ် အောက်တိုဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မိုင်းဆတ်)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၉)သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မိုင်းဆတ်)မှ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်ထွေးက သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့်သင်ထောက်ကူပစ္စည်း ထောက်ပံ့ပေးမည့်အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါသင်တန်းသို့ မိုင်းဆတ်ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ ဦး တက်ရောက်သွားမည်ဖြစ်ပြီး သင်တန်းတွင် လက်မနှင့် စင်တီမီတာစက်ချုပ်နည်း ၂၂ မျိုး၊ လက်မှုပညာရပ် ၁၀ မျိုး၊ မုန့်လုပ်နည်းနှင့် ဟင်းလျာချက်ပြုတ်နည်း ၁၂ မျိုးကို ရက်သတ္တပတ် ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# မိုးဝါများခူးဆွတ်မှု ကွင်းဆင်းအားပေးကြည့်ရှု

**မိတ္ထီလာ အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ လှည်းပွဲကျေးရွာ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးချစ်မြိုင်၏ မိုးဝါနှစ်ဧက စိုက်ခင်းတွင် မိုးဝါဆွတ်ခူးနေမှုအား အောက်တိုဘာ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုရာတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးစီးမှူးများ၊ အသင်းစုတာဝန်ရှိသူများနှင့် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌတို့ ပါဝင်သောအဖွဲ့က အသင်းသား တောင်သူ၏ မိုးဝါနှစ်ဧကအတွင်း မိုးဝါများဆွတ်ခူးနေမှုကို အားပေးကြည့်ရှုသည်။

အဆိုပါ အသင်းသား တောင်သူ၏ နှစ်ဧက မိုးဝါစိုက်ခင်းမှ နှစ်ကြိမ်ခူးဆွတ်ပြီးစီးချိန်တွင် တစ်ဧက ၁၄၂ ပိဿာ ရရှိပြီးဖြစ်ကာကျန်ရှိဝါများ ခူးဆွတ်ပြီးပါက ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ကျော်ရရှိမည်ဖြစ်သည်။ မြို့နယ်အတွင်း သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးဝါစိုက်ပျိုးသည့် ရွှေဝါမြေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၂ ဦး၏ မိုးဝါစိုက် ၄၁ ဧက၌ Raka-666နှင့် TBL-195 ဝါမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။

အဆိုပါ အသင်းသားတောင်သူများ စိုက်ပျိုးထွက်ရှိသည့် မိုးဝါများအား ဈေးကောင်းရရှိစေရေးအတွက် မြို့နယ်အတွင်း ဝါဝယ်ယူသော ဝါကြိတ်စက်များနှင့် ချိတ်ဆက်ညှိနှိုင်းပေးခြင်းကို လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၅၃)






# ပြည်တွင်း၌ စက်သုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ ရာခိုင်နှုန်းတစ်ခုစိုက်ထုတ်ကျခံပေးနေ

**မန္တလေး အောက်တိုဘာ ၃၁**

ပြည်တွင်း၌ အများပြည်သူအား စက်သုံးဆီများ ဈေးနှုန်းသက်သာစွာရောင်းချနိုင်ရေးအတွက် ပြည်ပမှ စက်သုံးဆီတင်သွင်းရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ ရာခိုင်နှုန်းတစ်ခုကို စိုက်ထုတ်ကျခံပေးနေကြောင်း ယင်းဌာနမှ သိရသည်။

"ပြည်တွင်းမှာ ရောင်းချနေတဲ့ စက်သုံးဆီဈေးနှုန်းတွေက ဒေသတွင်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ရင် အထိုက်အလျောက် သက်သာမှုရှိပါတယ်။တိုင်းဒေသကြီးနဲ့ ပြည်နယ်များရဲ့ စက်သုံးဆီရောင်းချမှုတွေမှာ အချိန်အတွယ် မှန်ကန်ဖို့ လုပ်ဆောင်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အချိန်အတွယ်မှန်ကန်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ ကောက်ခံရရှိရေး၊ စွမ်းအင်လုံခြုံမှုရှိစေရေး၊ ရေနံထွက်ပစ္စည်းဆိုင်ရာဖြည့်ဆည်းမှု ကွင်းဆက်အတွင်း စက်သုံးဆီတင်သွင်းမှု၊သိုလှောင်မှု၊သယ်ယူပို့ဆောင်မှု၊နောက်ဆုံးအဆင့်တွင် သုံးစွဲသူများထံ ဖြန့်ဖြူးရောင်းချမှုအခြေအနေများကို လေ့လာစောင့်ကြည့်ရေးတို့ကို ဆောင်ရွက်ကြောင်းသိရသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် ဖူလုံစွာရရှိဖို့နဲ့ သိုလှောင်ထားရှိမှုတွေမှာ အန္တရာယ်ကင်းစေရေးနဲ့ အချိန်အတွယ် မှန်ကန်ဖို့ ကြပ်မတ်ဆောင်ရွက်ပေးနေပါတယ် "ဟုဆက်လက်ပြောကြားသည်။

စက်သုံးဆီတင်သွင်းဖြန့်ချိ၊ ရောင်းချခြင်းတို့ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ကုမ္ပဏီများ အကျပ်အတည်းမဖြစ်စေရန် စီမံကိန်းအဆင့်အလိုက် ဆောင်ရွက်နေမှုများတွင် အားလုံးက ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းနှင့် အချို့သော ကိစ္စရပ်များတွင် ဖြေလျှော့ပေးမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ယနေ့ ပြည်တွင်း စက်သုံးဆီတစ်လီတာဈေးနှုန်းများမှာ 92 တစ်လီတာငွေကျပ် ၂၀၇၅၊ 95 တစ်လီတာငွေကျပ် ၂၈၀၀၊ ရိုးရိုးဒီဇယ်တစ်လီတာငွေကျပ် ၂၄၅၅ နှင့် ပရီမီယံဒီဇယ်တစ်လီတာငွေကျပ် ၂၉၉၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၉)

*– *– *– *– *

# ပိုမိုအားကောင်းသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေရန် အေပက်အစည်းအဝေးကျင်းပ

ဆိုးလ် အောက်တိုဘာ ၃၁

ပိုမိုအားကောင်းသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေရန်နှင့် ရေရှည်တည်တံ့သော အနာဂတ်ကို ဦးတည်သည့်လမ်းကြောင်းကို မျှဝေသွားရန် (၃၂)ကြိမ်မြောက် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) စီးပွားရေးခေါင်းဆောင်များအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဂျုံဂျူး၌ ကျင်းပခဲ့သည်။




အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ကမ္ဘာကြီး အဓိက အပြောင်းအလဲကာလတွင် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်နှင့် ပိုမိုစည်းလုံးညီညွတ်ရန်လိုအပ်သည်ဟုဆိုကာ တိုက်တွန်းခဲ့သည်။

လွတ်လပ်သော ကုန်သွယ်မှုအမိန့်ကြေညာချက်သည် သိသိသာသာ အပြောင်းအလဲများကြုံတွေ့နေရချိန်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမသေချာမှုသည်လည်း ပိုမိုနက်ရှိုင်းလာခဲ့ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသည် အရှိန်အဟုန်ဖြင့် ဆုံးရှုံးနိုင်ခြေများနှင့် ရင်ဆိုင်လျက်ရှိသည်ဟု လီက မှတ်ချက်ပြုပြောကြားခဲ့သည်။

ဉာဏ်ရည်တုနည်းပညာကိုယ်စားပြု နည်းပညာတော်လှန်ရေးသည် မမျှော်မှန်းနိုင်သော ပဋိပက္ခအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး တစ်ချိန်တည်းမှာပင် မမျှော်မှန်းနိုင်သော အခွင့်အလမ်းများကိုလည်း ပေါ်ပေါက်စေသည်ဟု လီက ဆက်လက်ပြောကြားသည်။ ပြည့်စုံကြွယ်ဝသည့် ရည်မှန်းချက်ပန်းတိုင်ကို အတူတကွဝေမျှကြပါစို့ဟု လီက အလေးအနက် တိုက်တွန်းပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်က စတင်တည်ထောင်ခဲ့သော အေပက်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တက်ကြွသောအင်ဂျင်တစ်ခုဖြစ်လာပြီး အာရှ-ပစိဖိတ်၏အရေးအကြီးဆုံး ဒေသတွင်း အစည်းအဝေးတစ်ခု ဖြစ်လာခဲ့သည်။

ဆင်ဟွာ

## တရုတ်အာကာသယာဉ်၏ နောက်ဆုံးလွှတ်တင်မှုတွင် အသက်အငယ်ဆုံး အာကာသယာဉ်မှူး ဝူဖေ ပါဝင်မည်



**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ၏ အာကာသစခန်းသို့ နောက်တစ်ကြိမ် လူတင်ပို့မည့် အာကာသယာဉ် အဖွဲ့သားများတွင် အာကာသခရီးစဉ် ထွက်ခွာမည့် နိုင်ငံ၏ အသက်အငယ်ဆုံး အာကာသယာဉ်မှူးနှင့် ဓာတ်ခွဲခန်း ကြွက်လေးကောင် ပါဝင်မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အာကာသယာဉ်မှူး သုံးဦးစီပါဝင်သည့် အဖွဲ့များဖြင့် ခြောက်လတစ်ကြိမ် လဲလှယ်တာဝန်ထမ်းဆောင်နေသည့် တီယန်ကုန်း အာကာသစခန်းသည် အမေရိကန်နှင့်ရုရှားတို့ကို မီအောင်လိုက်နိုင်ရန်အတွက် ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်၏ သရဖူရတနာဖြစ်သည်။

ရှန်ကျိုး-၂၁ မစ်ရှင်ကို ည ၁၁ နာရီ ၄၄ မိနစ်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျိုချွမ် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ရန် စီစဉ်ထားသည်ဟု တရုတ်လူလိုက်ပါ အာကာသအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ကျန်ကျင်းပက ထုတ်ဖော်ပြောကြားသည်။

အသက် ၃၂ နှစ် ပြည့်ပြီး ကာစသာရှိသေးသည့် လေကြောင်းအင်ဂျင်နီယာ ဝူဖေသည် အာကာသခရီးစဉ်ထွက်ခွာမည့် တရုတ်နိုင်ငံသား အာကာသယာဉ်မှူးများထဲတွင် အသက်အငယ်ဆုံး ဖြစ်လာမည်ဟု ဆိုသည်။

"ကျွန်တော်အရမ်းကံကောင်းတယ်လို့ ခံစားရပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်တွေကို တရုတ်နိုင်ငံရဲ့ အာကာသအစီအစဉ်ရဲ့ ခမ်းနားထည်ဝါတဲ့ ခရီးစဉ်ထဲမှာ ပေါင်းစပ်ထည့်သွင်းနိုင်တာဟာ ဒီခေတ်က ကျွန်တော့်ကိုပေးအပ်တဲ့ အကြီးမားဆုံး ကံကြမ္မာပဲဖြစ်ပါတယ်"ဟု ၎င်းက သတင်းထောက်များကို ပြောကြားသည်။

ခရီးစဉ်ကို လွန်ခဲ့သည့် နှစ်နှစ်ကျော်က ရှန်ကျိုး-၁၅ မစ်ရှင်တွင် ပါဝင်ခဲ့ဖူးသည့် အသက် ၄၈ နှစ်အရွယ် ဝါရင့်အာကာသယာဉ်မှူး ကျန်လုက ဦးစီးကွပ်ကဲမည်ဖြစ်သည်။

ကုန်ပစ္စည်းဆိုင်ရာ အထူးကျွမ်းကျင်သူ အသက် ၃၉ နှစ်အရွယ် ကျန်ဟုန်ကျန်ကို သုံးဦးမြောက်အဖွဲ့သားအဖြစ် ပါဝင်ဖွဲ့စည်းထားသည်။

ထို့ပြင် အာကာသခရီးစဉ်တွင် ကြွက်လေးကောင်၊ အဖိုနှစ်ကောင်နှင့်အမနှစ်ကောင်တို့လည်း ပါဝင်မည်ဖြစ်ပြီး ၎င်းတို့သည် တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသပတ်လမ်းအတွင်း ကြွက်များအပေါ် စမ်းသပ်မည့် စမ်းသပ်မှုများအတွက် အသုံးပြုမည့် အရာများဖြစ်လာမည်ဟု ပြောရေးဆိုခွင့်ရှိသူ ကျန်က ရှင်းလင်းပြောကြားကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိ ဟွိုင်အန်မြို့တွင် နှစ် ၆၀ အတွင်း အမြင့်ဆုံးရေကြီးမှုများ ဖြစ်ပွား

**ဟန္နိုင်း အောက်တိုဘာ ၃၁**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ယခုသီတင်းပတ်အတွင်း လူ ၁၀ ဦး သေဆုံးခဲ့သည့် လွန်ကဲသော ရေကြီးမှုများကြောင့် မြစ်ကြီးတစ်စင်း၌ ရေမျက်နှာပြင်သည် နှစ် ၆၀ အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီးနောက် အောက်တိုဘာ ၃၀ ရက်တွင် ဟွိုင်အန်မြို့ရှိလမ်းများကို ရေလွှမ်းမိုးသွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်၏ ကမ်းရိုးတန်းပြည်နယ်များ၊ ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သည့် ဟွိုင်အန် ရှေးဟောင်းမြို့တည်ရှိရာ နေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းကာ ၂၄ နာရီအတွင်း မိုးရေချိန် ၁ ဒသမ ၇ မီတာအထိ စံချိန်တင်ခဲ့သည်။

ဟွိုင်အန်ရှိ ရေလွှမ်းမိုးနေသည့် လမ်းများအတိုင်း လှေလှော်သူလှော်၊ ခါးအထိနက်သည့် ရေထဲတွင် လမ်းလျှောက်သူလျှောက်နေကြပြီး နေအိမ်များနှင့် ဆိုင်များ၏ အောက်ထပ်များ ရေမြုပ်နေကြောင်း သိရသည်။

Mon

## ပြန်ပေးဆွဲခံရသော ကလေး ၁၇ ဦးနှင့် လူကြီးနှစ်ဦးကို မွမ်ဘိုင်းရဲတပ်ဖွဲ့က ဘေးကင်းစွာကယ်ဆယ်နိုင်ခဲ့

**ဒေလီ အောက်တိုဘာ ၃၁**

သရုပ်ဆောင် သင်တန်းကျောင်းတစ်ခု၌ သရုပ်ဆောင်ရွေးချယ်ပွဲအတွက် စုရုံးရောက်ရှိနေကြသည့် ကလေး ၁၇ ဦးနှင့် လူကြီးနှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားသည်ဟု ပြောဆိုခဲ့သည့် သံသယရှိသူပြန်ပေးသမားကို လက်ရဖမ်းဆီးလိုက်ပြီဟု မွမ်ဘိုင်းရဲတပ်ဖွဲ့က အတည်ပြုကြောင်း သိရသည်။

အရာရှိတစ်ဦး၏ ပြောကြားချက်အရ ရဲအရာရှိများသည် ယင်းသံသယရှိသူနှင့် ညှိနှိုင်းရန် ပထမဦးစွာ ကြိုးစားခဲ့ကြသော်လည်း ထိုသူက တင်းမာနေသဖြင့် လူစည်ကားသော ပိုဝါးရီရပ်ကွက်ရှိ အဆောက်အအုံအတွင်းသို့ လျှပ်တစ်ပြက်အင်အားသုံး၍ ဝင်ရောက်ခဲ့ကြသည်။

ရဲအရာရှိများသည် စတူဒီယိုထဲသို့ ရေချိုးခန်းပြတင်းပေါက်မှတစ်ဆင့် ဝင်ရောက်ခဲ့ကြပြီး နောက်ပိုင်းတွင် လေသေနတ်တစ်လက်နှင့် အမည်မဖော်ပြထားသော ဓာတုပစ္စည်းတစ်ခုကို တွေ့ရှိခဲ့သည်။

ရိုဟစ်အာရ်ယဟု အမည်ရသည့် သံသယရှိသူသည် ကယ်ဆယ်ရေး စစ်ဆင်ရေးအတွင်း ပစ်ခတ်ခံခဲ့ရပြီး နောက်ပိုင်းတွင် ဆေးရုံ၌ သေဆုံးသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ထပ်မံအတည်ပြုသည်။

အဆိုပါဖြစ်ရပ်ကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်ကာ ကလေးများ၏ မိဘများနှင့် ဒေသခံများ အခင်းဖြစ်အဆောက်အအုံပြင်ပသို့ စုရုံးရောက်ရှိလာခဲ့ကြောင်း သိရသည်။ Mon

## ယနေ့ခေတ် နည်းပညာ အသွင်ကူးပြောင်းမှုအမျိုးမျိုးက တရုတ်ဘဏ္ဍာရေး ဂေဟစနစ်ကို ပြန်လည်ပုံဖော်လျက်ရှိ

**ပေကျင်း အောက်တိုဘာ ၃၁**

ဉာဏ်ရည်တု၊ ကြီးမားသောအချက်အလက်၊ ကလောက်ကွန်ပျူတင်းနှင့် ဘလော့ချိန်းနည်းပညာတို့သည် ကမ္ဘာတစ်ဝန်းလုံးသို့ လွှမ်းခြုံပျံ့နှံ့လာသည်နှင့်အမျှ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာလုပ်ငန်းများသည် ဖန်တီးပေးစွမ်းနိုင်သော ဉာဏ်ရည်တုနှင့် ကွမ်တမ်ကွန်ပျူတင်းတို့က မောင်းနှင်သည့် ခေတ်သစ်တစ်ခုသို့ ဝင်ရောက်လာနေပြီး နည်းပညာ အသွင်ကူးပြောင်းမှုက ဘဏ္ဍာရေး ဂေဟစနစ်ကို ပြန်လည်ပုံဖော်လျက်ရှိသည်ဟု ကျွမ်းကျင်သူများက ယုံကြည်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပေကျင်း နည်းပညာ စည်းမျဉ်းနှင့် ကြီးကြပ်မှု နယ်နိမိတ်စူးစမ်းရှာဖွေရေး အဖွဲ့အစည်းသည် ၂၀၂၅ ခုနှစ် ဘဏ္ဍာရေး လမ်းမ ဖိုရမ်၏ နှစ်ပတ်လည်ညီလာခံအတွင်း၌ ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ ဗဟိုအချက်အချာများ အစီရင်ခံစာ ၂၀၂၅ ကို အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစီရင်ခံစာကို ၉ နှစ်ဆက်တိုက် ထုတ်ဝေခဲ့ခြင်းဖြစ်ရာ ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ထိပ်တန်း ဘဏ္ဍာရေးဆိုင်ရာ နည်းပညာဗဟိုအချက်အချာ ၅၀ စာရင်းအရ တရုတ်နိုင်ငံသည် ထိပ်တန်း ၅၀ တွင် ၁၁ ခု၊ ထိပ်တန်း ၁၀ ခုတွင် ၅ ခုပါဝင်သည်။

ထိပ်တန်း ၁၀ ခုသော ဗဟိုအချက်အချာများမှာ ပေကျင်း၊ နယူးယောက်၊ ဆန်ဖရန်စစ္စကို (ဆီလီကွန်တောင်ကြား)၊ လန်ဒန်၊ ရှန်ဟိုင်း၊ ရှန်ကျန်း (ကွမ်တုန်းပြည်နယ်)၊ ဟန်ကျိုး (ကျဲ့ကျန်းပြည်နယ်)၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ပဲရစ်တို့ဖြစ်ပြီး အာရှက ကမ္ဘာလုံးဆိုင်ရာ အဆိုပါနယ်ပယ်ကို ဆက်လက်ဦးဆောင်လျက်ရှိသည်။

၂၀၂၃ ခုနှစ်မှစ၍ ဘဏ္ဍာရေး နည်းပညာ၏ လျင်မြန်သော တိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အခြေအနေများ ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ ဗဟိုအချက်အချာများ၏ ယှဉ်ပြိုင်နိုင်စွမ်းသည်လည်း အပြောင်းအလဲများ ဖြစ်ပေါ်နေသည်။

ကမ္ဘာ့ထိပ်တန်း ဘဏ္ဍာရေးဆိုင်ရာ နည်းပညာဗဟိုအချက်အချာ ၅၀ အနက် ၁၄ ခုသည် ၎င်းတို့၏ အဆင့်များ ဆက်တိုက်တက်လာခဲ့ပြီး ယင်းတို့အနက် တစ်ဝက်မှာ ပေါ်ထွက်စ ဈေးကွက်များမှဖြစ်ကြောင်း သိရသည်။

Mon



## မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး ပညာပေးဟောပြော

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၌ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သောကြောင့် ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးရန် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက သာဂေါင်ရပ်ကွက်တွင် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီး အရာရှိ ဦးဆန်းဝင်း၏ ဦးဆောင်မှုဖြင့် လက်ထောက်မီးသတ်ဦးစီး မှူး ဦးချစ်ထွေးနှင့် မီးသတ်တပ်ဖွဲ့ ဝင်များက ရွာတောင်ရပ်ကွက် အတွင်းရှိ မိဘပြည်သူများအနေ ဖြင့် မီးဘေးအန္တရာယ်ကင်းဝေး စေရေးအတွက် မီးသတ်ဦးစီး ဌာနမှ ထုတ်ပြန်ထားသော မီး ဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြား ချက်များဖြစ်သည့် မီးချိတ်၊ မီး ကပ်၊ သဲအိတ်နှင့် မီးသတ်ဆေး ဘူး စသော မီးဘေးကာကွယ်ရေး ပစ္စည်းများ အသင့်ထားရှိရေး၊ လောင်စာဆီများသိုလှောင်ခြင်း မပြုရန်၊ တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝိုင်ယာကြိုး များနှင့် ပျက်စီးနေသော လျှပ်စစ် ပစ္စည်းများ အသုံးမပြုကြရန်၊ မီးကြွင်းမီးကျန်များအား စနစ် တကျ မီးငြိမ်းသတ်ကြရန် စသည့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေ ရေးနှင့် ကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ကွင်းဆင်းစစ်ဆေး ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**စန်းဝင်း(ဆင်ပေါင်ဝဲ)**

*-*-*-*-*-*-*



## သူနာပြုသင်တန်းကျောင်း(မန္တလေး)တွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ လမ်း၆၀နှင့် ၁၀၆လမ်းထောင့်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန၊သူနာပြုသင်တန်း ကျောင်း(မန္တလေး)တွင် အောက် တိုဘာ ၃၀ ရက် နံနက် ၉ နာရီ ခွဲက ခရိုင်မီးသတ်ဦးစီးမှူး၊ လက် ထောက်ညွှန်ကြားရေးမှူး ဦးမင်း မင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်စွာမင်းနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ပညာပေးဟော ပြောခြင်း၊ သရုပ်ဖော်ခြင်းနှင့် မီးဘေးလုံခြုံရေး စစ်ဆေးခြင်း များ ပြုလုပ်ကြရာ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာန၊ သူနာပြုသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ဆရာမ ကြီး၊ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်စန်းစန်းရွှေနှင့် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်း သူများ တက်ရောက်ကြသည်။

တက်ရောက်လာကြသော ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးလုံခြုံ ရေး ဟောပြောပြသခြင်း၊ အသိ ပညာပေး လက်ကမ်းစာဆောင် များ ဖြန့်ဝေပေးခြင်း၊ မီးသတ် ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်း သတ်နည်းများကို သရုပ်ပြသခြင်း နှင့် လိုအပ်သည်များ အကြံပြု ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့ သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲက သတင်းအရ ပင်လောင်းမြို့နယ်၊ လိန်းလီကျေး ရွာအနီးတွင် ရှိုင်းဗိုလ်(ခ)ငမော့ မောင်းနှင်လာသော DONGFE-NG မော်တော်ယာဉ်ပေါ်မှ ဘိန်း ဆီခဲ ၇၄ ကီလို၊ စိတ်ပြောင်း ဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ကီလို၊ အက်တက်စီ ဆေးပြား ၁,၀၀၀ ၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ အောက် တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲ က ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ ၅၅လမ်းနှင့် ၅၆လမ်း ကြား၊ ၁၄၁လမ်းနှင့် ၁၄၂လမ်း ကြားတွင် ဇင်ဖြိုးဦး(ခ)ကိုဖြိုး အား NISSAN၁၂ ဘီး မော်တော် ယာဉ်ပေါ်မှ ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို၊ စိတ်ပြောင်းဆေးဝါး များဖြစ်သည့် HAPPY WA-TER ၇၇၅ ဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူ ၆ ဒသမ ၁၇ ကီလို၊ ဘိန်းဆီခဲ ၇၄ ကီလို၊ စိတ်ပြောင်း ဆေးဝါးများဖြစ်သည့် HAPPY WATER ၉ ဒသမ ၇၇၅ ကီလို၊ အက်တက်စီဆေးပြား ၁,၀၀၀၊ ကက်တမင်း ၁၁ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၄ သိန်းကို ဖမ်းဆီးရမိခဲ့သည်။




စစ်ဆေးပေါ်ပေါက်ချက်များ အရ ဖမ်းဆီးရမိသော မော်တော် ယာဉ်နှစ်စီး၏ပိုင်ရှင် ရဲစိုးဦး (ခ)ရဲနိုင်(ဖမ်းဆီးရန်ကျန်)သည် မိုင်းရယ်မြို့မှ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများအား ကရင်ပြည်နယ်၊ ဘားအံမြို့သို့ လည်းကောင်း၊ မန္တလေးမြို့သို့ လည်းကောင်း၊ ဘုတလင်မြို့နယ် နေ ရာဇာလင်း(ခ)မော်စီ(ဖမ်းဆီး ရန်ကျန်)နှင့် ရှိုင်းဗိုလ်(ခ)ငမော့တို့ အား သယ်ဆောင်ခိုင်းခြင်းဖြစ် ကြောင်း သိရှိရသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ အား ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦး လွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုး ကျေးရွာ၊ မြို့ရှောင်လမ်း၌ မော် တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျီးကိုင်ကျေး ရွာမှ ရေချမ်းအိုးကျေးရွာဘက်သို့ ရေချမ်းအိုးကျေးရွာနေ ကျော်မျိုး သူ(ခ)ကျော်ကျော်(၃၂)နှစ် မောင်း နှင်လာသည့် HONDA FIT မော် တော်ယာဉ်အား ရပ်တန့်စစ်ဆေး ခဲ့ရာ မော်တော်ယာဉ်နှင့်ပတ် သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ် ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်မျိုးသူ(ခ)ကျော်ကျော်အား ပြင်ဦးလွင်မြို့မရဲစခန်းမှ ပို့ကုန် သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊

အလားတူ ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့နယ်၊ ပိတ်ချင်းမြောင် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေး ရွာ၊ မန္တလေး-လားရှိုးလမ်းမ၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပြင်ဦးလွင်မြို့ မှ နောင်ချိုမြို့ဘက်သို့ ရှမ်း ပြည်နယ်၊ နောင်ချိုမြို့နယ်၊ ဈေး ရပ်ကွက်နေ ရန်ပိုင်စိုး(၂၇)နှစ် မောင်းနှင်လာသည့် HIJET မော် တော်ယာဉ်အား ရပ်တန့်စစ်ဆေး ခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက် သည့် အထောက်အထား တစ်စုံ တစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင် စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရန်ပိုင်စိုး အား ပိတ်ချင်းမြောင်နယ်မြေ ရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေ လည်းကောင်း အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေးဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် ပဲခူးမြို့နယ်အတွင်း ၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ အုတ်တွင်းမြို့နယ် နှင့် ပေါက်ခေါင်းမြို့နယ်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၂၃၂ တန်၊ အခြားသစ် ၃ ဒသမ ၇၁၈ တန်ကို သစ်တော ဥပဒေအရလည်းကောင်း ဖမ်းဆီး အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

ထို့အပြင် မန္တလေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင် ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် ရတနာပုံတံတားစစ်ဆေး ရေးဂိတ်၌ မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Van တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အမှုတွဲဖွင့်လှစ်ထား ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်နံပါတ်(၃၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဦးမြင့်စိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်ငြိမ်း(ဘ)ဦးဘမောင်(၉/တသန(နိုင်)၀၀၀၆၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်ကွင်းအမည်(၅၃၅-က/ဇီးအုပ်အရှေ့)၊ ဦးပိုင်အမှတ်(၂၀/၄)၊ မြေဧရိယာ(၁ ဒသမ ၃၅)ဧက အကျယ်အဝန်းရှိ ဦးသျှားသုရအောင် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) အမည်ပေါက် လယ်မြေကွက်နှင့် ယင်းမြေကွက်နှင့်စပ်လျက် ဦးပိုင်အမှတ်(၂၀/၄)နှင့် ၄၄လမ်းကြားရှိ မျက်နှာပွင့် (ပေ-၂၄၀)/မြေဧရိယာ(၀ ဒသမ ၅၅)ဧက၊ စုစုပေါင်းဧရိယာ(၁ ဒသမ ၉၀)ဧက အကျယ်အဝန်းရှိ လယ်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် အပါအဝင် လုပ်ပိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးသျှားသုရအောင်(ဘ)ဦးအောင်ဝင်း(၉/ခအစ(နိုင်)၀၂၉၈၆၀)မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**
**လမ်း၃၀(အေ)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၇၉၇၃၅၀၀၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်ကွင်းအမည် (၅၁၈-က/ရေလောင်)၊ ဦးပိုင်အမှတ်(၁၁၈/၂)၊ မြေဧရိယာ(၁ ဒသမ ၃၃)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်ဆွေ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) အမည်ပေါက် လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် အပါအဝင် လုပ်ပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးထွန်းမြင့်(ဘ) ဦးသန်းအောင်(၉/တတဥ(နိုင်)၀၃၄၆၆၄)မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**
**လမ်း၃၀(အေ)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၃၅၀၀၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄၉)၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးဇော်မင်းနိုင်(ခ)ဦးဇော်မင်းထွန်း(ဘ)ဦးအောင်ခင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်ခြမ်း)၊ အရှေ့-အနောက် ပေ ၄၀၊ တောင်-မြောက် ပေ ၃၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမောင်မောင်အေး (ဘ)ဦးသန်းမောင်(၅/ကလထ(နိုင်)၀၂၉၅၃၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး (LL.B ) တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B ) ဦးဝေဖြိုးအောင် (LL.B ) ဒေါ်မှူးမှူးမြတ်သွယ် (LL.B ) ဒေါ်ပွင့်ဖြူကျော် (LL.B )**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
## " (၅၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း "

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ဘွဲ့)စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီးသူများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပါရဂူဘွဲ့(ဘွဲ့)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးတက္ကသိုလ် (၅၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို- မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ် အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

**ဘွဲ့နှင်းသဘင် (၉-၁၁-၂၀၂၅)ရက်နေ့ (နံနက်ပိုင်း) အစီအစဉ်၊ နံနက်(၉:၀၀)နာရီ**

| | | |
|---|---|---|
| ပါရဂူဘွဲ့ | - | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ အားလုံး |
| မဟာဝိဇ္ဇာဘွဲ့ | - | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ၊ ရှေးဟောင်းသုတေသနပညာ အားလုံး |
| မဟာသိပ္ပံဘွဲ့ | - | ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတု ဗေဒ၊ ဇီဝဓာတုဗေဒ အားလုံး |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ မြန်မာမှုပညာ အားလုံး |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - | ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ အားလုံး |
| ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ (ဂုဏ်ထူး)ဘွဲ့ | - | ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ အားလုံး |
| ဝိဇ္ဇာ(ဘွဲ့) | - | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ အားလုံး |
| သိပ္ပံ(ဘွဲ့) | - | ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတု ဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ အားလုံး |
| ဥပဒေပညာ(ဘွဲ့) | - | ဥပဒေပညာ အားလုံး |
| ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ(ဘွဲ့) | - | ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ အားလုံး |

*** အစမ်းလေ့ကျင့်ရက် (၈-၁၁-၂၀၂၅)ရက်နေ့၊ နံနက်(၉:၀၀)နာရီ ***

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို (၈-၁၁-၂၀၂၅)ရက် ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲတွင် ထုတ်ပေးမည်ဖြစ်၍ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူကြမည့်သူများအားလုံး- အစမ်းလေ့ကျင့်ပွဲကို မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြရမည် ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများအတွက်- ဘွဲ့ဝတ်ရုံများ ငှားရမ်းခွင့်ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲ တက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို (၆-၁၁-၂၀၂၅)ရက်မှစ၍လည်းကောင်း၊ ဘွဲ့ကြေး ငွေသွင်းပြေစာ/နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တင်ပြ၍ မန္တလေးတက္ကသိုလ်(ယာယီရုံးခန်း)စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးမည် ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင်- မြန်မာဝတ်စုံ (မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသည့် မြန်မာထဘီ၊ အင်္ကျီ)၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို (အပြည့်အစုံ) တက်ရောက်ကြရမည် ဖြစ်ပါသည်။

**ဒု-ဌာနမှူး**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**မန္တလေးတက္ကသိုလ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-ကနန်းတော်ရာ)၊ ဦးပိုင်အမှတ်(၁၅၉/၁-ဋ+၁၁-ခ/၅)၊ ဧရိယာ(၀ ဒသမ ၁၂)ဧက၊ မှန်တန်းလမ်းသွယ်(၃)၊ နဂါးအိမ်ရာဝင်း အတွင်းရှိ May Enterprise Limited အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့-အနောက် (၁၅)ပေ× တောင်-မြောက်ပေ(၄၀)ဧရိယာ အကျယ်အဝန်းရှိ (B4-b)ဟု သတ်မှတ်သော မြေကွက် အလွတ်ကို ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်အရ ကိုယ်စားတာဝန် ပေးအပ်ခြင်းခံရသူ ဒေါ်သီသီနိုင် (ဘ)ဦးမောင်ညွန့်(၁၂/ဥကတ(နိုင်)၀၃၀၃၁၃)ကိုင်ဆောင်သူထံမှ တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင် အမည်ပေါက်ပိုင်ဆိုင်နိုင်ရန် အခွန်တော်ငွေများထမ်းဆောင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ သည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းဝေ(ဘ)ဦးစံညို(၅/ဒပယ(နိုင်)၁၃၆၇၃၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| လွှဲအပ်သူ- | ဝယ်ယူသူ၏ လွှဲအပ်ချက်အရ - |
|---|---|
| ဒေါ်ခင်မို့မို့နိုင်(ဘ) | ဦးစိုးရန်ပိုင် (LL.B) အထက်တန်းရှေ့နေ |
| ဦးဘသောင်း | (Thu Ta Law Firm) |
| (၉ /ခမစ(နိုင်)၀၀၅၂၃၇) | စစ်သည်ခြံ၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၂၂၁၂၀၅၅၊ ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၉၆၀၆၅၂၈၄၅ |

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၃)၊ ဦးပိုင်အမှတ်(၃၇)၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ ၆၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်ခင်မျိုးနွယ် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၀၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးကျင်ချိန်၏(GP ရရှိသူ ဦးခင်မောင်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၅၉၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်လှဲရီ(၁၃/သပန(နိုင်)၀၀၀၇၇၅)က အမှုတွဲအမှတ် (၃၂၀၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်အကွက်အမှတ်(ခ-၃)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ (၀ ဒသမ ၀၆၀၆)ဧကအကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်တင်မိုးလှိုင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်အား အမည်ပေါက်သူ ဒေါ်တင်မိုးလှိုင်နှင့် ကျွန်တော် ဦးစိုင်းအိုက်ဆာတို့သည် အတူနေ တရားဝင်အကြင်လင်မယား ဖြစ်ကြပြီး ယနေ့အချိန်ထိ လက်ရှိပေါင်းသင်းနေသော ခင်ပွန်းဖြစ်သည့်အပြင် (၂)ဦးပိုင် လက်ထပ်ပွားပစ္စည်းလည်း ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်တော် ဦးစိုင်းအိုက်ဆာမှ ဆိုင်ရေးဆိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်ရှိသည့်အတွက် ကျွန်တော် မသိရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ အခြားတစ်နည်းနည်းဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်း၊ မပြုလုပ်နိုင်ရန်နှင့် ပြုလုပ်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မြေကွက်နှင့်ပတ်သက်ပြီး အရောင်းအဝယ်ကိစ္စသော်လည်းကောင်း၊ စာချုပ်စာတမ်းကိစ္စ သော်လည်းကောင်း၊ ပြုလုပ်ဆောင်ရွက်သူများအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးစိုင်းအိုက်ဆာ(၁၃/လရန(နိုင်)၀၈၃၈၆၇)**
**အကွက်(ခ-၃/၄၉)၊ မြို့သစ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၂၈)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဝင့်သူဝင်း(ခ)လင်းအောင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးအောင်သူရ(ဘ)ဦးအောင်တိုး(၁/မညန(နိုင်)၁၂၃၇၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လုံ့လုံ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၅)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းစီရှိ ဦးဝင်းထွန်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးလွင်မိုးကျော်(ဘ)ဦးဝါယမ(၁၃/သပန(နိုင်)၁၆၃၉၂၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လုံ့လုံ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန့်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်နံပါတ်(၁၅၀-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအေးမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိဖြူဖြူလှိုင်(ဘ)ဦးလှိုင်မင်းထွေး(၉/ခမစ(နိုင်)၀၈၆၉၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း (LL.B , LL.M , DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်နံပါတ်(၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၁၃၇)ဧက၊ (၂၀×၃၀)ပေအကျယ်အဝန်းရှိ ဒေါ်လှိုင်ဖြူဝင်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းဝင်းခိုင်(ဘ)ဦးညွန့်သိန်း(၉/ခမစ(နိုင်)၀၄၂၃၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း (LL.B , LL.M , DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၇၅-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမျိုးမင်းအောင်(ဘ)ဦးဘောလ်ဗဟာဒူး(၁/မကန(နိုင်)၂၀၉၁၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(က/၁၅၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကံဆောင်အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိလက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်လှမယ်(ဘ)ဦးဘသိန်း(KPG-၁၆၂၉၁၇၊ ၉/မရမ(နိုင်)၀၆၉၅၇၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရွှေမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၂၄၆)**
**ဒေါ်သီဂီလှိုင် (LL.B), (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၄)**
**၆၉လမ်း၊ ၃၃(A)လမ်းနှင့် ၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၄၈၂၃ ၊ ၀၉-၂၀၀၂၃၄၈ ၊ ၀၉-၇၇၂၀၀၂၃၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၅)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်ဖြိုးအမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်မေဝင်း(ဘ)ဦးခန်းဟွာချမ်း(ခ)ဦးသန်းမြင့်(၉/ခအဇ(နိုင်)၀၁၁၇၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဦးကြည်ယံ (LL.M)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊အောင်ပင်လယ်ရပ်ကွက်၊အကွက်အမှတ်(ငင-၅)၊ဦးပိုင်နံပါတ်(၇၇-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးချစ်ဦးမောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပူးတွဲဝယ်ယူခဲ့သူများအနက် ခင်ပွန်းဖြစ်သူ ဦးဇော်မင်းထွန်းကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်မြင့်မြင့်သန်း(ဘ)ဦးရန်ရှင်း(၉/မမန(နိုင်)၀၃၉၇၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊စီးပွားရေး၊အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ**

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## ၂၀၂၅ ခုနှစ် အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award - Individual Category) ဆုကို မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင် ရရှိ

နေပြည်တော် အောက်တိုဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံ Pampanga မြို့ Mabalacat City ၏ SMX Convention Center Clark တွင် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၄၃)ကြိမ်မြောက် ASEAN Federation of Engineering Organizations များ၏ ညီလာခံ အစည်းအဝေးနှင့် Engineering Conference ၌ ပေးအပ်သည့် ၂၀၂၅ ခုနှစ် အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award – Individual Category) ဆုကို မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင်က ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ရှိသူများ၊ World Engineering Organization နှင့် ASIA PACIFIC Region Engineering Organization တို့မှ တာဝန်ရှိသူများ၊ အာရှနှင့် အာဆီယံနိုင်ငံအသီးသီးမှ အင်ဂျင်နီယာများ တက်ရောက်ကြပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သုတေသနစာတမ်း ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြသည်။

အောက်တိုဘာ ၃၀ ရက်တွင် ညီလာခံ၏ ညစာစားပွဲအခမ်းအနားကျင်းပခဲ့ပြီး အဆိုပါအခမ်းအနား၌ ASEAN Federation of Engineering Organizations (AFEO) ဥက္ကဋ္ဌက အာဆီယံအကောင်းဆုံးအင်ဂျင်နီယာစီမံချက်ဆုနှင့် အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆုရရှိသူ ဗိုလ်မှူးပြည့်ဖြိုးမောင်အနေဖြင့်နိုင်ငံတကာသုတေသန

စာမျက်နှာ ၅ သို့ ❖



၂၀၂၅ ခုနှစ် အာဆီယံအကောင်းဆုံးအင်ဂျင်နီယာဆု (ASEAN Outstanding Engineering Achievement Award – Individual Category) ဆုကို မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးပြည့်ဖြိုးမောင် လက်ခံရယူစဉ်။

## ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ ရေပြင်၊ ဝေဟင် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေး ကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ






## ဇာဘာရယ်လီအား ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ အောက်တိုဘာ ၃၁**

ဘာစီလိုနာအသင်းသည် ဆော်ပေါ်လိုအသင်း၏ ဆယ်ကျော်သက် ကွင်းလယ်ကစားသမား ဇာဘာရယ်လီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဇာဘာရယ်လီသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဆော်ပေါ်လိုအသင်းကလည်း လက်ရှိအချိန် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ကွင်းလယ်ကစားသမား ဇာဘာရယ်လီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဆော်ပေါ်လိုအသင်းထံမှ ကွင်းလယ်ကစားသမား ဇာဘာရယ်လီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)